မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၇၁)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဆောင်ပိုလိုမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ
မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများဆွေးနွေးခဲ့

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဆောင်ပိုလိုမြို့ရှိ EMBRAER လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများ၊ အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁

ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့သို့ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် ရီယိုဒီဂျနေးရိုးမြို့မှ ဆောင်ပိုလိုမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။

ထို့နောက် ဆောင်ပိုလိုမြို့ရှိ EMBRAER လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီသို့ရောက်ရှိရာ ကုမ္ပဏီမှ Market Strategy Sr. Manager Mr. Joao Alfredo Paiva က ကုမ္ပဏီ စတင်တည်ထောင်ခဲ့မှု၊ ထုတ်လုပ်လျက်ရှိသော လေယာဉ်အမျိုးအစားများနှင့် ကုမ္ပဏီဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် စက်ရုံအတွင်း လေယာဉ်ထုတ်လုပ်ခဲ့မှု သမိုင်းပြခန်းနှင့် အလုပ်ရုံများတွင် လေယာဉ်တပ်ဆင်ထုတ်လုပ်နေမှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုသည်။

မှတ်တမ်းတင်ဓာတ်ပုံ

ဆက်လက်၍ ကုမ္ပဏီမှထုတ်လုပ်သည့် လေယာဉ်ပုံစံငယ်များကို ကြည့်ရှုလေ့လာပြီး ကုမ္ပဏီမှ တာဝန်ရှိသူများ၊ အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါကုမ္ပဏီကို ၁၉၆၉ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ စီးပွားရေးလုပ်ငန်းသုံးနှင့်ကိုယ်ပိုင်လေယာဉ်များကို အဓိကထုတ်လုပ်သည့် ကုမ္ပဏီကြီးတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ ထို့အပြင် ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းသုံး လေယာဉ်များကိုလည်း ထုတ်လုပ်လျက်ရှိသည်။ ယခုအခါ ဇီဝလောင်စာဆီ ၁၀၀ ရာခိုင်နှုန်းဖြင့် မောင်းနှင်သောလေယာဉ်ကိုလည်း တီထွင်ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ညပိုင်းတွင် ဒုတိယသမ္မတအား ဆောင်ပိုလိုမြို့ရှိ ဘရာဇီးနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ၏ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr. Ricardo Cateb Cury က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်ခဲ့သည်။ အဆိုပါညစာစားပွဲတွင်

စာမျက်နှာ ၈ ကော်လံ ၃ ▲

ကြည့်ရှုလေ့လာ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စင်ကာပူနိုင်ငံ Resort of Santosa ရှိ ငါးပြတိုက်၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း
ပါရီမြို့နှင့် စင်ကာပူမြို့တွင် လှည့်လည်လေ့လာပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဇွန် ၂၆ ရက် ညပိုင်းတွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ ဇွန် ၂၇ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ Charles De Gaulle-CDG အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များအား ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသန့်ကျော်နှင့် ပြင်သစ်နိုင်ငံဆိုင်ရာမြန်မာသံရုံးမှ သံရုံးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ပါရီမြို့ရှိ အမြင့်ဆုံးကုန်းမြင့်ဖြစ်သည့် Montmartre ၌ တည်ဆောက်ထားသည့် Scare-Coeur ဘုရားကျောင်းကို သွားရောက်ကြည့်ရှုလေ့လာသည်။ အဆိုပါ ဘုရားကျောင်းကို ၁၉၁၄ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ပြင်သစ်နိုင်ငံရေးနှင့် ယဉ်ကျေးမှုကိုဖော်ကျူးသည့် အထိမ်းအမှတ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယသမ္မတအား ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနေအိမ်၌ သံရုံးဝန်ထမ်းများက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ပြင်သစ်နိုင်ငံ၏ အထင်ရှားဆုံး ရုပ်တုကျောက်တိုင်ဖြစ်သည့် Arc de Triomphe ကျောက်တိုင်၊ Champs Elysees လမ်းမကြီးနှင့် သမိုင်းဝင် The Concorde Square (Place de la Concorde) ရင်ပြင်တို့ကို လှည့်လည်ကြည့်ရှုသည်။

စာမျက်နှာ ၈ ကော်လံ ၁ ◆

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ


မိုးညှင်းမြို့က အုံ့ဖွယ်ညောင်မှိုပွင့် စာ - ၃


သီရိမင်္ဂလာဈေးကြီးမှ ရာသီကုန်စည်များ စာ - ၁၀

အယ်လ်ပီဂျီအေ ဂေါက်သီးရိုက်ပြိုင်ပွဲ ဗင်နီဇွဲလားမယ် ဦးဆောင် စာ - ၁၁

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇူလိုင် ၂ ရက်)

တိမ်ညိုဘာကြောင့် မှိုင်းရတယ်

လသာသောညတစ်ညဝယ် စန်းစန္ဒာငွေလမင်းကြီးသည် ဝင်းဝင်းပပ ရွှန်းရွှန်းမြမြသာနေ၏။ လောကဓာတ်တစ်ခွင်လုံးသည်လည်း လရောင်အောက်ဝယ် အေးချမ်းသာယာ လှပနေ၏။ တိမ်သလ္လာကင်းစင်ထက်ကောင်းကင်သည်လည်း ကြယ်စင်များဖြင့် ပြည့်နှက်၍နေ၏။ မကြာသော ကာလတစ်ခဏ၌ အရှေ့တောင်ရပ်ခွင်လျှပ်စစ်ဆင်၍ မိုးသားမိုးတိမ်၊ မိုးတိမ်တောင်တို့ မှိုင်းမှောင်ရိပ်ဆင်မိုးစက်တင်လေပြီ။

ထိုသောအခါ ထိန်ထိန်သာနေသည့် ငွေလမင်းကြီးပေါ်သို့ ရုတ်တရက်ပင် မိုးသားမိုးတိမ်တို့ ဖုံးလွှမ်းသွားတော့၏။ ထိုသောတစ်ခဏ စိတ်အစဉ်တွင် ရွတ်ဆိုမိသည်က "ကောင်းကင်တစ်ခွင် ပြိုမလိုတိမ်ညို ဘာကြောင့်မှိုင်းရတယ်" အစချီသည့် စာသားလေးပင်ဖြစ်၏။ ထိုစာသားလေးသည်ကား ငယ်စဉ်အခါက ကျောင်းသင်ခန်းစာတွင် ရွတ်ဆိုခဲ့ရသော စာသားလေးပင်ဖြစ်၏။ မည်သို့ပင်ဖြစ်စေ တိမ်ညိုသည် ဘာကြောင့်မှိုင်းရပါသနည်းဟု အတွေးနယ်ချဲ့မိလေ၏။

ဟုတ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံ၌ များမကြာမီက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသော ကဏ္ဍများအပါအဝင် ဘက်စုံ၊ ကဏ္ဍစုံတို့ ပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်ပြုလုပ်ခဲ့၏။ ထိုပြုပြင် ပြောင်းလဲမှုများတွင် နိုင်ငံရေးနှင့် စီးပွားရေးသည် သိသာထင်ရှားမှုအရှိဆုံးဖြစ်ပေသည်။ ထို့အပြင် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ လူတစ်ဦးချင်းဝင်ငွေတိုးတက်ကောင်းမွန်ရေး စသောအရေးအရာကိစ္စများ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်မှာ အားရဖွယ်ကောင်းလှ၏။ ယခုဆိုလျှင် သာမန်လူလတ်တန်းစားများအတွက် အိပ်မက်ပင်မမက်ဖူးသည့် မော်တော်ကားနှင့်တယ်လီဖုန်းဈေးနှုန်းများ ကျဆင်းလာ၏။ ဈေးကွက်အသီးသီးတို့ တည်ငြိမ်လာ၏။ အစစအရာရာ တိုးတက်မှုဆီသို့ ဦးတည်လျက်ရှိ၏။

ဤသို့ တိုးတက်မှုအရိပ်အရောင်များဆီသို့ ဦးမတည်ခဲ့မီက အဘယ်ကြောင့်များ မတိုးတက်ခဲ့ပါသနည်း။ ဖွံ့ဖြိုးရေးပန်းများ အဘယ်ကြောင့် မပွင့်လန်းခဲ့ရပါသနည်း။ တိမ်ညိုသည် ဘာကြောင့်မှိုင်းခဲ့ရပါသနည်းဟူ၍ စဉ်းစားတွေးတောကြည့်မိသည်။ မှန်ပါသည်။ ကျွန်ုပ်တို့နိုင်ငံ၌ လွတ်လပ်ရေးရခဲ့ပြီးနောက် တိုင်းရင်းသားအချင်းချင်း ဒေသစွဲ၊ လူမျိုးစွဲ၊ ပါတီစွဲတို့ကို အခြေပြုကာ စိတ်ဝမ်းကွဲ အထင်မှား အမြင်မှားခဲ့ရခြင်းကြောင့်သာ တိုးတက်သင့်သလောက် မတိုးတက်ဘဲဖြစ်ခဲ့ရလေသည်။ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့ခြင်းဖြစ်ပါသည်။ အထူးသဖြင့် နယ်စပ်ဒေသများသည် လမ်းပန်းဆက်သွယ်ရေး တိုးတက် ကောင်းမွန်ခြင်းမရှိသည့်အလျောက် ဖွံ့ဖြိုးမှုမှာလည်း နောက်ကျခဲ့ရသည်။

ယခုတော့ ထိုသို့မဟုတ်ပြီ။ အစစအရာရာပွင့်လင်းမြင်သာစွာ တိုးတက်ပြောင်းလဲလာနေပြီဖြစ်သည်။ စီးပွားရေး၊ လူမှုရေး အလေးပေးတွေးတောတတ်လာသည်။ အထူးသဖြင့် နယ်စပ်ဒေသများ တိုးတက်မှုပိုမိုရရှိလာသည်။ ရှေ့လျှောက်ကောင်းဖို့သာ ရှိသည်။ သီအိုရီအရပြောလျှင် အဆိုးပြီးလျှင် အကောင်းများသာ လာဖို့ရှိသည်။

သို့ဖြစ်ပါ၍ ပြည်သူတစ်ရပ်လုံးက လက်ရှိရရှိထားသောအောင်မြင်မှု၊ တိုးတက်မှု၊ ဖွံ့ဖြိုးမှုများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေး လက်တွဲဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပေသည်။ တိမ်ညိုသည်ဘာကြောင့်မှိုင်းခဲ့ရသလဲဆိုသည်ကို ဆင်ခြင်သုံးသပ်သတိကပ်လျက် နိုင်ငံနှင့်လူမျိုး အစဉ်တိုးတက်စေရအောင် ဝိုင်းဝန်းကြိုးပမ်း ဖော်ဆောင်ကြရမည်သာ ဖြစ်ပါသည်။ ။

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ကျင်းပ

ကျောက်ဆည် ဇူလိုင် ၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် (၂၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ရက် မွန်းလွဲ ၁နာရီက ကျောက်ဆည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာကို ကျောက်ဆည်ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းမင်းဦးကဖတ်ကြားသည်။ ဆက်လက်၍ ပန်းချီ၊ ကာတွန်း၊ စာစီစာကုံး၊ ဝတ္ထုတို၊ ဆောင်းပါး၊ ပိုစတာပြိုင်ပွဲများတွင် အထက်တန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူးက ဆုများချီးမြှင့်ပြီး အလယ်တန်းအဆင့် ဆုရရှိသူများအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမင်းမင်းဦးက ဆုများချီးမြှင့်ကာ နှစ်သိမ့်ဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (၄၀၈)

တယ်လီဖုန်းဖြင့် ဗေဒင်မေးမြန်းမှု လူငယ်များအကြား ခေတ်စားလာ

ရန်ကုန် ဇူလိုင် ၁

သွန်းဝသန်

မိုဘိုင်းလ်ဖုန်းကိုင်ဆောင်ထားသည့် လူငယ်အများစုအနေဖြင့် ပြည်တွင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် Call Center သို့ လှမ်းဆက်သွယ်ကာ ဗေဒင်မေးမြန်းခြင်းများ ပိုမိုလုပ်ဆောင်လာကြကြောင်း သိရှိရသည်။

အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ ရတနာပုံ Call Center မှ တာဝန်ရှိသူများအား ဆက်သွယ်မေးမြန်းကြည့်ရာ "ကျွန်တော်တို့က ဒီဝန်ဆောင်မှုကို ဇွန်လ ဒုတိယပတ်မှာ စတင်ထားပါတယ်။ ဗေဒင်အနေနဲ့ သိချင်သမျှကို အတတ်နိုင်ဆုံး ဗေဒင်ပညာကိုကျွမ်းကျင်တဲ့ ဝန်ထမ်းတွေက တွက်ချက်ရှင်းပြပေးတာဖြစ်ပြီး ကုန်ကျစရိတ်သက်သာကာ မိမိသိလိုသမျှကို ခရီးစရိတ်မကုန်ဘဲ လွယ်လွယ်ကူကူ သိရှိနိုင်ပါတယ်။ အခုနောက်ပိုင်းမှာ လူငယ်တွေအများစုက ပညာရေး၊ အချစ်ရေး၊ အလုပ်အကိုင်၊ စီးပွားရေးနဲ့ ပတ်သက်တဲ့မေးခွန်းတွေကို အများဆုံးမေးမြန်းနေကြပါတယ်" ဟု Call Center မှ တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါပုဂ္ဂိုလ်၏ အဆိုအရ ပြန်လည်ဖြေကြားတွက်ချက်ပေးသည့် ဝန်ထမ်းများအား ဗေဒင်ဆရာ စံဇာဏီဘိုထံ၌ ဗေဒင်ပညာများ လေ့ကျင့်သင်ကြားပေးကာ ပြန်လည်ဟောပြောပြခြင်းဖြစ်ကြောင်းနှင့် အဆိုပါဗေဒင်ဝန်ဆောင်မှုကို နေ့စဉ်လူဦးရေ ငါးထောင်နီးပါးက တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းကြကြောင်း ပြောကြားသည်။

"စိတ်ဝင်စားစရာကောင်းပါတယ်။ အခုခေတ်လူငယ်တွေအများစုက အသစ်အဆန်းဆိုရင် စိတ်ပါကြတယ်လေ။ ကျောင်းမှာလည်း တစ်ကျောင်းလုံးလိုလို ဗေဒင်မေးပြီးပြီလားဆိုတာပဲ ပြောနေကြတာ။ အတည်မေးတဲ့သူတွေရော၊ အပျော်သက်သက်မေးသူတွေရောစုံလို့ပါပဲ" ဟု နိုင်ငံခြားဘာသာတက္ကသိုလ် ပြင်သစ်ဘာသာမှ ကျောင်းသူတစ်ဦးက ပြောပြသည်။

အဆိုပါဝန်ဆောင်မှုအပါအဝင် ဝန်ဆောင်မှုအသစ်များဖြစ်သည့် အလုပ်အကိုင်ရှာဖွေရေး၊ အလုပ်သမားရှာဖွေရေး၊ ဟိုတယ်အခန်းငှားရမ်းခြင်း ဝန်ဆောင်မှုများကိုလည်း တိုးမြှင့်ထားပြီး ဗေဒင်မေးမြန်းမှုကို တစ်မိနစ်လျှင် ဝန်ဆောင်ခအတွက် ကျပ်တစ်ရာ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရှိရသည်။

ဖုန်းခေါ်ဆိုမေးမြန်းလိုသူများအနေဖြင့် ရတနာပုံ Call Center ၏ဝန်ဆောင်မှု အသစ် ဖုန်းနံပါတ်ဖြစ်သော ၁၈၇၅ သို့ ဆက်သွယ်နိုင်ကြောင်းသိရှိရသည်။

ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

ဖန်းမော် ဇူလိုင် ၁

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ်၌ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် အသုံးပြု၍ ပုလဲသွယ်စပ်မျိုးစပါး စံပြစိုက်ခင်းစံကွက်ရိတ်သိမ်းပွဲနှင့် ကွင်းလက်တွေ့ရှင်းလင်းပြသပွဲကို စီဟဲကျေးရွာ ကွင်းအမှတ်(၁၈၅)ရှိ တောင်သူ ဒေါ်အမ်ရွှယ်ဆမ်း၏ လယ်မြေနှစ်ကေတွင် ဇွန် ၂၅ ရက် နံနက် ၁၁ နာရီက ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်လွင်ဦးက ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်နှင့် ခရိုင်ဦးစီးမှူး ဦးအောင်ကြီးက လာမည့်မိုးစပါးရာသီတွင် တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်တို့ကိုရှင်းလင်းတင်ပြကြသည်။

လေ့လာကြည့်ရှု

ဆက်လက်၍ မြို့နယ်စံကွက်ရိတ်သိမ်းရေးအဖွဲ့မှ ကောင်း၊ သင့်၊ ညံ့ အဆင့်ခွဲ၍ စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက အစိုတင်း ၁၅၀ နှုန်းထွက်ရှိခဲ့သည်။ စံကွက်ရိတ်သိမ်းပွဲသို့ ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရှိန်၊ ဗန်းမော်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် ဗန်းမော်၊ မိုးမောက်၊ မန်စီမြို့နယ်တို့မှ တောင်သူများ၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။ **(စိုက်ပျိုးရေး)**

တွံတေးမြို့နယ်၌ ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၁

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇွန် ၂၄ ရက် ည ၇ နာရီက တွံတေးမြို့နယ် အိုးဘိုအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင်၊ လေးဘာသာဂုဏ်ထူးရှင်၊ သုံးဘာသာဂုဏ်ထူးရှင်၊ တစ်ဘာသာဂုဏ်ထူးရှင်နှင့် တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအုန်းကြွယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းအေးနှင့် တာဝန်ရှိသူများက ဆုငွေနှင့်ဆုတံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြန်မာ့အလင်း)

ရွှေပြည်သာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁

ရွှေပြည်သာမြို့နယ် အမှတ်(၁၈) ရပ်ကွက် ပန်းခြံ (၆)အတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဒေသခံပြည်သူများနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ ဇွန် ၃၀ ရက်က မြောင်းများ ချဲ့ထွင်ခြင်း၊ နုန်းနှင့်အမှိုက်များ ဆယ်တင်ခြင်း ဆောင်ရွက်နေမှုကို ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်(၁)ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးတို့က လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြသည်။ **(အောက်ပုံ)**

ရွှေပြည်သာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အပတ်စဉ် စနေနေ့တိုင်း လူထုလုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (၁၆၆)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ထူးချွန်ဆုနှင့် ပညာသင်စရိတ် အင်းစိန်မြို့နယ်၌ ထောက်ပံ့ပေးအပ်

ရန်ကုန် ဇူလိုင် ၁

ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းအခမ်းအနားကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်ခင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး စုစုပေါင်း ၁၃ ဦးအား ငွေကျပ် ၈၇၀၀၀၀ ချီးမြှင့်ခဲ့ပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် မူလတန်း ၄၁ ဦး၊ အလယ်တန်း ၄၅ ဦး၊ အထက်တန်း ၂၃ ဦး၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၂၉ ဦးနှင့် အဝေးသင်တက္ကသိုလ် ခုနစ်ဦး စုစုပေါင်း ၁၄၅ ဦးအတွက် ငွေကျပ် ၅၀၆၅၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မထသ)**

မိုင်းဆတ်၌ မိုးရာသီသစ်ပင် စုပေါင်းစိုက်ပျိုး

မိုင်းဆတ် ဇူလိုင် ၁

ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ်တွင် နယ်မြေခံတပ်နယ်၊ ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၃ ရက် နံနက် ၇ နာရီက ဘုရင့်နောင်ဂေါက်ကွင်းအနီး၌ ကျင်းပသည်။ ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်သူဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်ကျော်အောင်တို့က တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ ပျိုးပင်များပေးအပ်ပြီးနောက် ကျွန်း၊ ယူကလစ်၊ မဲဇလီ ပျိုးပင် ၅၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

❒ ကျောဖုံးမှ

အဆိုများနှင့် လိုအပ်လာလျှင် ဥပဒေကြမ်းများ လွှတ်တော်သို့ တင်သွင်းခွင့်ရှိပါကြောင်း၊ ကော်မတီများကမူ သက်ဆိုင်ရာကော်မတီနှင့် သက်ဆိုင်သောဌာနဆိုင်ရာကိစ္စရပ်များအတွက် အချင်းချင်း အပြန်အလှန် ထိန်းညှိကူညီဆောင်ရွက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံးနှင့် ဆက်သွယ်ဆက်ဆံရေး၊ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆက်ဆံရေးကို ညှိနှိုင်းကူညီဆောင်ရွက်ရန်ကိစ္စများကို တာဝန်ယူဆောင်ရွက်ကြပါကြောင်း။

ယခုအခါ လွှတ်တော်ကော်မတီများအနေဖြင့် ပြည်သူများ၏ ယုံကြည်အားထားမှုများ ပို၍ပို၍ ရရှိလာကြသည့်အတွက် စာဖြင့်လည်းကောင်း၊ ကိုယ်တိုင်သော်လည်းကောင်း၊ ဆက်သွယ်တင်ပြမှုများ ရှိနေကြပြီဖြစ်ပါကြောင်း၊ ပြည်သူများ၊ အဖွဲ့အစည်းများ၏ ပြောဆိုတင်ပြမှုများကို အလေးထား ဆောင်ရွက်ပေးသည်နှင့်အမျှ စေတနာထားသည်နှင့်အမျှ အဆင်ပြေမှုများ ပို၍ပို၍ ဖြစ်လာသည်ကိုလည်း ဝမ်းမြောက်စွာ တွေ့ရပါကြောင်း။

မိမိတို့လွှတ်တော်ကလည်း ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့်အယူဝါဒစွဲများမထားဘဲ နိုင်ငံနှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် မျှမျှတတ ဖြစ်ပေါ်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိပါကြောင်း။

ဤသည်ပင်လျှင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ကော်မတီများက ပါဝင်ဆောင်ရွက်နေခြင်းပင်ဖြစ်ပါကြောင်း။

ခေတ်သစ်၊ စနစ်သစ်တွင် လွှတ်တော်၏လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သဖြင့် ပြည်သူများ ယုံကြည်အားထားမှုရရှိရေးသည် ပြည်သူများ၏လိုအပ်ချက်များကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သကဲ့သို့ လွှတ်တော်တာဝန်ကျေပွန်ရာ ရောက်မည်လည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များကို လည်းကောင်း၊ လွှတ်တော်ကော်မတီများကို လည်းကောင်း၊ လွှတ်တော်ကိုလည်းကောင်း များများတာဝန်ပေး စေခိုင်းနိုင်ပါကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စီးပွားရေးဆိုင်ရာအသင်းချုပ်များမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသောအခက်အခဲများ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) များ ဝင်ရောက်လာနိုင်မှုအပေါ် အားသာချက်၊ အားနည်းချက်များ (အခွင့်အလမ်းနှင့်စိန်ခေါ်မှုများ) အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ (SME) များ ဆက်လက်ရပ်တည်နိုင်ရေးနှင့် လယ်ယာသားငါးကဏ္ဍ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။ ယင်းနောက် ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးမြင့်လွင်က လုပ်ငန်းများ၏ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ယခင်ဥပဒေဟောင်းများ ယခုလာမည့် လွှတ်တော်အစည်းအဝေးတွင် ဥပဒေသစ်များ ပြဋ္ဌာန်းရာ၌ တခြားအကြံပြုချက်များကိုလည်း ထည့်သွင်းသုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များအား တင်ပြဆွေးနွေးကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။ ထိုသို့ပြောကြားရာတွင် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံကို တည်ဆောက်ရန် ယခင်အစိုးရလက်ထက်က ပြည်သူများ၏ဆန္ဒအရ ဆောင်ရွက်ခဲ့ပါကြောင်း၊ အေးချမ်းတည်ငြိမ်စွာဖြင့် ရွေးကောက်ပွဲများ ကျင်းပပေးနိုင်ခဲ့သကဲ့သို့ နိုင်ငံတော်အာဏာကို တည်ငြိမ်စွာဖြင့် အစိုးရသစ်ကို လွှဲပြောင်းပေးခဲ့ပါကြောင်း။

အခြားကမ္ဘာ့နိုင်ငံများအတွင်း ဖြစ်ပေါ်နေသော အခြေအနေဆိုးများနှင့် နှိုင်းစာလျှင် များစွာကောင်းမွန်၍ ယခင်အစိုးရကိုလည်း ကျေးဇူးတင်ရမည်ဖြစ်ပါကြောင်း၊ ယခုအပြောင်းအလဲအခြေအနေကောင်းကို မိမိတို့အားလုံး ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

မိမိတို့အစိုးရက ချမှတ်ခဲ့သော **"စီးပွားရေးဦးတည်ချက်များ ဖြစ်သည့် ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး"** ဟူသော ဦးတည်ချက်ကို မိမိတို့အားလုံး သတိပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

နိုင်ငံသားတိုင်းရင်းသားများကို လုပ်ပိုင်ခွင့်ပေးရမယ်၊ ဥပဒေနှင့် အကာအကွယ်ပေးရမယ်၊ လုပ်နိုင်ကိုင်နိုင်အောင် အကူအညီပေးရမယ် ဆိုသည်မှာ နိုင်ငံတော်၏ မူဝါဒ၊ ဦးတည်ချက်နှင့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း၊ ယင်းတို့ကို အစဉ်တစိုက်ချမှတ်ခဲ့ပြီး လက်တွေ့ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း သတိပြုကြရမည်ဖြစ်ပါကြောင်း။

တိုက်တွန်းပြောကြား

ပြည်သူ၊ ပြည်သူ့ကိုယ်စားလှယ်၊ ပြည်သူများ၏ ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ထားသည့် အစိုးရအဖွဲ့၊ ပြည်သူ့ဝန်ထမ်းများ၊ သတင်းမီဒီယာများက သူ့တာ၊ ကိုယ့်တာကျေပွန်ရန် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းပြီး ဒီမိုကရေစီကျင့်စဉ်များကို မှန်မှန်ကန်ကန်ကျင့်သုံးခြင်းဖြင့် အမိနိုင်ငံတော်နှင့် နိုင်ငံသားများ မျှော်လင့်နေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်သို့ ရောက်ရှိရေး ဝိုင်းဝန်းကြိုးစားသွားကြရမည်ဖြစ်ပါကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဝန်ကြီးဌာနအောက်ရှိ အရာထမ်းများနှင့် တွေ့ဆုံပွဲတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

လမ်းများရေရှည်တည်တံ့ရေး ကုန်တင်ယာဉ်များ သတ်မှတ်တန်ချိန်တင်

အင်ဂျင်နီယာလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁

နိုင်ငံတော်အနေဖြင့် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာကို ဆောင်ရွက်နေသကဲ့သို့ မိမိတို့ဌာနအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက် လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနလုပ်ငန်းများ တိုးတက်အောင်မြင်ရေးနှင့် ပြည်သူအားကိုးသော ဝန်ထမ်းများဖြစ်ရေး ကြိုးစားကြရန်နှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်သွားကြစေလိုကြောင်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ဇွန် ၂၉ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ ဆောင်၌ကျင်းပသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတား အထူးစီမံကိန်းကြီးအဖွဲ့ငါးဖွဲ့၊ အဖွဲ့ခွဲငါးဖွဲ့၊ ရန်ကုန်-မန္တလေး အမြန်လမ်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ရုံးချုပ်ရှိ အရာထမ်းများနှင့် တွေ့ဆုံပွဲတွင် ဆွေးနွေးမှာကြားသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနရှိ အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတားများ ကောင်းမွန်စေရန် ထိန်းသိမ်းမှုအပိုင်းများကိုလည်း ကြီးကြပ်ထိန်းသိမ်းရန်၊ လမ်းများရေရှည်တည်တံ့စေရန်နှင့် ပျက်စီးမှုလျော့နည်းစေရန် လမ်းပေါ်တွင် ဖြတ်သန်းသွားလာသည့် ကုန်တင်ယာဉ်ကြီးများ သတ်မှတ်တန်ချိန်အတိုင်း တင်ဆောင်၍ ဖြတ်သန်းသွားလာရေး အထူးအလေးထား ဆောင်ရွက်သွားရန်၊ အရာထမ်းများအနေဖြင့်လည်း ရိုးသားစွာဖြင့် မိမိအလုပ်ကို တာဝန်ကျေပွန်စွာ ကြိုးစားလုပ်ကိုင်ရန်နှင့် အင်ဂျင်နီယာလုပ်ငန်းများတွင် နည်းပညာများ တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်းဖြင့်လည်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်လွင်က အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်သွားကြရန်၊ လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လုပ်ကိုင်သွားကြရန်၊ ဘဏ္ဍာငွေကြေးများကိုလည်း စနစ်တကျ စိစစ်သုံးစွဲရန်နှင့် ဝန်ထမ်းများအချင်းချင်း ညီညီညွတ်ညွတ်ဖြင့် တက်ညီလက်ညီ လုပ်ကိုင်သွားကြရန်တို့ကို မှာကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းနှင့်ဦးစီးဌာနများမှ ဌာနအကြီးအကဲတို့က ဝန်ထမ်းရေးရာကိစ္စရပ်များ၊ လုပ်ငန်းတာဝန်များ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇူလိုင် ၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၇ ဒသမ ၄၄ လက်မ၊ လောင်းလုံမြို့တွင် ၅ ဒသမ ၅၅ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၄ ဒသမ ၉၇ လက်မ၊ လားရှိုးမြို့တွင် ၃ ဒသမ ၄၂ လက်မနှင့် မချမ်းဘောမြို့တွင် ၃ ဒသမ ၃၉ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၀၂ လက်မနှင့် မြိတ်မြို့တွင် ၂ ဒသမ ၇၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မဟာမဲခေါင်ဒေသခွဲ အဆင့်မြင့်အရာရှိများ

မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ အစည်းအဝေးကျင်းပ

မန္တလေး ဇူလိုင် ၁

မဟာမဲခေါင်ဒေသခွဲ အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် ဒေသဆိုင်ရာရင်းနှီးမြှုပ်နှံမှုမူဘောင် ဦးဆောင်ကော်မတီအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ်၌ ဇွန် ၂၉ ရက်တွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဂျီအမ်အက်စ်အစီအစဉ် နိုင်ငံဆိုင်ရာ ညှိနှိုင်းရေးတာဝန်ခံများ၊ အဆင့်မြင့်အရာရှိများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက သဘာပတိအဖြစ်လည်းကောင်းနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ အရှေ့တောင်အာရှဒေသဌာန၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် လုပ်ငန်းညှိနှိုင်းမှုဌာနခွဲ ညွှန်ကြားရေးမှူး Mr. Arjun Goswami က ပူးတွဲသဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မဟာမဲခေါင်ဒေသခွဲ ရင်းနှီးမြှုပ်နှံမှုမူဘောင်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ လာမည့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တွင်ကျင်းပမည့် မဟာမဲခေါင်ဒေသခွဲ ဝန်ကြီးများအစည်းအဝေးနှင့် စက်တင်ဘာလအတွင်း ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပမည့် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ဂျီအမ်အက်စ်အစီအစဉ်)၏ နှစ် (၂၀) ပြည့်မြောက်သည့် အခမ်းအနားကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်အား အသင့်အတင့် မြေငလျင်လှုပ်

နေပြည်တော် ဇူလိုင် ၁

ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီ ၄၃ မိနစ် ၄၇ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် မိုင် ၂၇၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ ကိုဟီးမားမြို့) အရှေ့ဘက်ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဒိုက်ဦး၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ဒိုက်ဦး ဇူလိုင် ၁

ဒိုက်ဦးမြို့နယ် သစ်တောဦးစီးဌာန၏ ၂၀၁၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ရန်ကုန်-မန္တလေး အမြန်လမ်းမ မိုင်တိုင်အမှတ် (၇၂/၄) အနီး ဒရယ်မီး ဥသျှစ်ကုန်းလမ်းဆုံတွင် ဇွန် ၂၄ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်နှင့် မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်နှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူငါးရာကျော်တက်ရောက်ကြပြီး ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်၊ မန်ကျည်း၊ ခရေ၊ မဟော်ဂနီ၊ ကံ့ကော်၊ ပန်းဇယ်၊ သဘော်၊ တည် ပျိုးပင်ပေါင်း ၇၀၈ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးညှင်းမြို့က အံ့ဖွယ်သောင်မှိုပွင့်

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာတွင် ပေါက်ရောက်လျက်ရှိသော မှိုတစ်ပင်မှ လေးပွင့်ပွားလျက် အမြစ်ရင်း ၁၇ လက်မခွဲတွင် အရင်းလုံးပတ် ၁၁ လက်မ၊ ရိုးတံအရှည် ၁၃ လက်မ၊ အပွင့်ပတ်လည် ၂၀ လက်မ အရွယ် သောင်မှိုပွင့်ကို ဇွန် ၂၆ ရက်က တွေ့မြင်ရစဉ်။ (ဝဇ၃)

မြန်မာ့အလင်း

ဩစတြေးလျနိုင်ငံသူ အမျိုးသမီးတစ်ဦး ကျူးဘားမှ အမေရိကန်သို့ ရေကူးဖြတ်သန်း

ဟာဗားနား ဇူလိုင် ၁

ဗြိတိန်နိုင်ငံတွင်မွေးဖွားပြီး ဩစတြေးလျနိုင်ငံသူအဖြစ် ခံယူထားသည့် အသက် ၄၉နှစ်အရွယ် အမျိုးသမီးတစ်ဦးက ကျူးဘားနိုင်ငံမှ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်သို့ မည်သည့်အထောက်အကူပြုပစ္စည်းကိုမျှမယူဘဲ ရေကူးဖြတ်သန်းကာ **(အပေါ်ပုံ)**ရေမိုင်အဝေးဆုံးရေကူးနိုင်သည့် ပထမဆုံး အမျိုးသမီး အဖြစ်စံချိန်တင်နိုင်ခဲ့ကြောင်း ဇူလိုင်၁ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ဖြတ်ကျော်ကူးခတ်

ပင်နီပါဖရီအမည်ရှိ အသက် ၄၉နှစ်အရွယ် အမျိုးသမီးသည် သားသမီးသုံးဦးနှင့် မြေးနှစ်ဦးရှိသူဖြစ်ပြီး ကျူးဘားနိုင်ငံ ဟာဗားနားမြို့ ဆိပ်ကမ်းမှ ဇွန် ၂၉ရက် နံနက်က စတင်ရေကူးခဲ့ခြင်းဖြစ်ကာ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကီးဝက်မြို့ဆိပ်ကမ်းသို့ ဇူလိုင် ၁ရက် မွန်းလွဲပိုင်းက ရောက်ရှိခဲ့သည်။ ရေကူးစဉ်ကာလအတွင်း ပင်လယ်ရေပြင်၌ ကျက်စား သွားလာလျက်ရှိသော အဆိပ်ရှိသည့် ငါးအချို့၏ လာရောက်ကိုက်ဆွဲခြင်းကိုလည်း ကြုံတွေ့ခဲ့ရသည်။ တစ်ဖန် ပင်လယ်ပြင်၌ ရာသီဥတုဆိုးရွားမှုများနှင့် ကြုံတွေ့ခဲ့ရပြီး လှိုင်းလေပြင်းထန်မှုများကို ဖြတ်ကျော်ကူးခတ်ခဲ့ရသည်။ သူမသည် အမေရိကန်နိုင်ငံ ဖလော်ရီဒါရေလက်ကြားကို ရေကူးဖြတ်သန်းသည့်အခါ ဇွန် ၃၀ ရက် ညအချိန်ဖြစ်နေသော်လည်း ဆက်လက်ရေကူးခြင်းပြုလုပ်ခဲ့သည်။

ပင်နီပါဖရီ၏ ယခုရေကူးခဲ့သည့်အချိန်မှာ စုစုပေါင်း ၅၆နာရီမျှ ကြာမြင့်ခဲ့ပြီး ရေမိုင် စုစုပေါင်း ၁၀၃မိုင်ရှိခဲ့သည်။ ယခုအခါ သူမသည် မည်သည့်အကူအညီ ရေကူးကိရိယာများမယူဘဲ ခရီးမိုင်အဝေးဆုံး ရေကူးနိုင်သည့်အမျိုးသမီး ဖြစ်လာခဲ့သည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံ ကီတာကျူရှုမြို့၌ လက်နက်များ သိမ်းဆည်းရမိ

ကီတာကျူရှု ဇူလိုင် ၁

ဂျပန်နိုင်ငံ ကီတာကျူရှုမြို့ ဂိုဒေါင်ဟောင်းတစ်ခုအတွင်းမှ လက်နက်များနှင့် ခဲယမ်းများကို ရဲတပ်ဖွဲ့က ဇွန် ၃၀ ရက်တွင် သိမ်းဆည်းရမိခဲ့ကြောင်း ဇူလိုင် ၁ ရက်က သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

အဆိုပါ လက်နက်နှင့် ခဲယမ်းများကို ဖူကူအိုကာစီရင်စုရှိ ကီတာကျူရှုမြို့အတွင်း သစ်သားဖြင့်ပြုလုပ်ထားသော နှစ်ထပ်ဂိုဒေါင်ဟောင်းတစ်ခုအတွင်း ဖူကူအိုကာစီရင်စု ရဲတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ရှာဖွေတွေ့ရှိပြီးနောက် အနီးပတ်ဝန်းကျင်တွင် နေထိုင်သော ဒေသခံ ၁၈၀ ခန့်အား ဘေးကင်းရာသို့ အမြန်ရွှေ့ပြောင်းပေးခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင်များက အဆိုပါ လက်နက်ခဲယမ်းများကို ဝင်ရောက်သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။

ယခုတွေ့ရှိရသော လက်နက်ပစ္စည်းများမှာ လောင်ချာတစ်လက်၊ သေနတ်ငါးလက်နှင့် ကျည်ဆန်များဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ထိုသို့ လက်နက်ပစ္စည်းများ ရှာဖွေတွေ့ရှိ သိမ်းဆည်းချိန်မှာ ယင်းနေ့ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခန့်က ဖြစ်သည်။ သိမ်းဆည်းရမိသည့် လောင်ချာမှာ အရှည် ၇၀ စင်တီမီတာရှိပြီး ပြောင်းဝအချင်း ၇ စင်တီမီတာရှိသည်။ ယခုတွေ့ရှိ သိမ်းဆည်းမိသည့် လက်နက်များနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံက ရှန်ကျိုး-၁၀ အာကာသခရီးစဉ် အမျိုးသမီးအာကာသယာဉ်မှူးများ ပိုမိုစေလွှတ်မည်

ပေကျင်း ဇူလိုင် ၁

တရုတ်နိုင်ငံက အမျိုးသမီးအာကာသယာဉ်မှူးတစ်ဦးအပါအဝင် အာကာသယာဉ်မှူးသုံးဦးလိုက်ပါသွားသည့် ရှန်ကျိုး-၉ အာကာသယာဉ်သည် မြေပြင်စခန်းသို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ပြီးနောက် အနာဂတ်အာကာသခရီးစဉ်များ၌ အမျိုးသမီးအာကာသယာဉ်မှူးများကို ပိုမိုစေလွှတ်သွားမည်ဖြစ်ကြောင်း တရုတ် အာကာသရေးရာအရာရှိများက ဇူလိုင် ၁ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံက ရှန်ကျိုး-၁၀ အာကာသယာဉ်ခရီးစဉ်ကို ထပ်မံစေလွှတ်မည်ဖြစ်ရာ ယင်းခရီးစဉ်တွင် အမျိုးသမီးအာကာသယာဉ်မှူးများ ပိုမိုစေလွှတ်ရန် စီစဉ်နေပြီဖြစ်သည်။ မကြာမီအချိန်အတွင်း တရုတ်အမျိုးသမီးအာကာသယာဉ်မှူးလောင်းများကို ခေါ်ယူကာ စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။

ထိုသို့ရွေးချယ်ရာတွင် အမျိုးသမီးအာကာသယာဉ်မှူးလောင်းများအနေဖြင့် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းမှု၊ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနှင့် ပညာရေးဆိုင်ရာများကို စနစ်တကျစစ်ဆေးရွေးချယ်သွားမည်ဖြစ်သည်။ ရွေးချယ်ခံရသည့် အမျိုးသမီး အာကာသယာဉ်မှူးလောင်းများအား တရုတ်နိုင်ငံရှိ အာကာသယာဉ်မှူးများ လေ့ကျင့်ရေးစခန်း **(အပေါ်ပုံ)**၌ စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် အာကာသ၌ နိုင်ငံတကာအာကာသယာဉ်စခန်းတစ်ခုကို တည်ဆောက်ပြီး အာကာသရေးရာလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ရာ အာကာသယာဉ်မှူးများကို ရွေးချယ်လေ့ကျင့်ပေးရာတွင် အမျိုးသမီး အာကာသယာဉ်မှူးများကို တိုးမြှင့်ရွေးချယ်စေလွှတ်ရန်စီစဉ်ထားသည်။ **(အင်တာနက်)**

အီရန်သင်္ဘောများ လုံခြုံရေးအတွက် အီရန်ရေတပ်စောင့်ကြပ်ပေးရ



တီဟီရန် ဇူလိုင် ၁

အီရန်ရေတပ်သို့ နောက်ထပ်ရေပေါ်နှင့် ရေငုပ်သင်္ဘောအုပ်စု ထပ်မံဖြည့်တင်းပေးမည်ဖြစ်ကြောင်း အီရန်ရေတပ်မှ ဒုတိယဗိုလ်ချုပ်ကြီး ဟာဘီဘိုလာက ထုတ်ဖော်ပြောကြားသည်။

ပြောကြား

အီရန်ရေတပ်သင်္ဘောများ **(ဝဲပုံ)**သည် မကြာမီနှစ်များအတွင်း အီရန်ကုန်သင်္ဘောနှင့်ရေနံတင်သင်္ဘော ၁၅၀၀ခန့်ကို စောင့်ကြပ်ခဲ့ရကြောင်း၊နိုင်ငံတကာရေပြင်တွင် ထိုသင်္ဘောများ၏ လုံခြုံရေးအတွက် ရေတပ်က အကာအကွယ်ပေးရခြင်းဖြစ်ကြောင်း ရေတပ်ဒုတိယဗိုလ်ချုပ်ကြီး ဟာဘီဘိုလာက ဇွန် ၃၀ ရက်တွင် ပြောကြားသည်။

ယခုအခါ ပင်လယ်ဓားပြများက အကြမ်းဖက်လာပြီး အကြမ်းဖက်ရာမှ ရရှိလာသော အကျိုးအမြတ်ကို ပင်လယ်ဓားပြများ၏ လှုပ်ရှားမှုများတွင် ပိုမိုအသုံးပြုလာကြောင်း၊ ထို့ကြောင့် အီရန်သင်္ဘောများစောင့်ကြပ်ရေးမှာ အီရန်ရေတပ်၏ တာဝန်တစ်ခုဖြစ်လာကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံအလယ်ပိုင်း၌ မော်တော်ဆိုင်ကယ်ဗုံးများဖောက်ခွဲမှု ခြောက်ဦးသေဆုံး၊ ၄၅ ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၁

အီရတ်နိုင်ငံအလယ်ပိုင်း ဘာလက်မြို့အတွင်း ဇွန် ၃၀ရက်က မော်တော်ဆိုင်ကယ်ဗုံးဖောက်ခွဲမှု သုံးကြိမ်ဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး ၄၅ ဦး ဒဏ်ရာရခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ဗုံးခွဲတိုက်ခိုက်

ဘဂ္ဂဒက်မြို့တော်မှ ကီလိုမီတာ ၈၀အကွာရှိ ဘာလက်မြို့အတွင်းမှ ရဲစခန်းအပါအဝင် သုံးနေရာတို့တွင် မော်တော်ဆိုင်ကယ်ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရပ်ထားသည့် မော်တော်ဆိုင်ကယ်များ၌ ဗုံးများထောင်ပြီး အဝေးထိန်းကိရိယာဖြင့် ဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်သည်။ ဒဏ်ရာရသူများအနက် ဒဏ်ရာပြင်းထန်သူများပြားသည့်အတွက် သေဆုံးသူဦးရေ ပိုလာနိုင်သည်ဟု ဆိုသည်။ (အင်တာနက်)

အာဖဂန်နစ္စတန်အရှေ့ပိုင်းအကြမ်းဖက်မှု၊ ၁၀ဦးသေဆုံး

ကဘူးလ် ဇူလိုင် ၁

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းအစိုးရပိုင် ခြံဝင်းအတွင်း အကြမ်းဖက်သမားများက တိုက်ခိုက်သဖြင့် ၁၀ ဦး သေဆုံးခဲ့သည်။ **(ယာပုံ)**

အာဖဂန်နစ္စတန်နိုင်ငံ နူရစ္စတန်ပြည်နယ် ကက်မက်ရှ်ခရိုင်ရှိ အစိုးရပိုင် ခြံဝင်းအတွင်း ဇွန် ၂၉ ရက် အရုဏ်မတက်မီမှာပင် အကြမ်းဖက်သမားများက ဗုံးထောင်ဖောက်ခွဲပြီး အဓမ္မဝင်ရောက်တိုက်ခိုက်သည့်အတွက် အမျိုးသမီးလေးဦးနှင့် ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားသည်။ ထို့ပြင် အကြမ်းဖက်သမားသုံးဦးလည်း သေဆုံးသွားကြောင်း သိရသည်။

အစိုးရခြံဝင်းအတွင်း၌ ခရိုင်အဆင့် အစိုးရရုံးများနှင့် တကွ ခရိုင်အဆင့်အရာရှိများ၊ ရဲအရာရှိများနေထိုင်သည့် လူနေအိမ်များလည်း တည်ရှိသည်ဆို၏။

ယင်းသို့ အကြမ်းဖက် တိုက်ခိုက်ခြင်းမှာ ယခုအချိန်အထိ မည်သူ့လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာခြင်း မရှိသေးပေ။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁-၇-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း)- စုစည်းသည်

ဒုတိယမြောက်ထောက်လှမ်းရေးဂြိုဟ်တုအမေရိကန်လွှတ်တင်

The NROL-15 အမည်ရှိ ထောက်လှမ်းရေးဂြိုဟ်တုတစ်လုံးကို ဇွန် ၂၉ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅မိနစ်က The Delta 4-Heavy ဒုံးကျည်ဖြင့် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗယ်လ်ဒုံးပစ်စင်မှနေ၍ ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

The Delta 4-Heavy ဒုံးကျည်သည် ပထမအဆင့်တွင် RS 68Aအင်ဂျင်အသစ်များတပ်ဆင်ထားပြီး အဆိုပါ ဒုံးကျည်ထုတ်လုပ်မှုသမိုင်းတွင် အင်အားအပြင်းထန်ဆုံး ဟိုက်ဒရိုဂျင်ဒုံးကျည်ဖြစ်ကြောင်း ဒုံးကျည်ထုတ်လုပ်သူများ၏ ပြောကြားချက်အရသိရသည်။ ယင်းဒုံးကျည်သည် ထောက်လှမ်းရေးဂြိုဟ်တုကို သယ်ဆောင်သွားပြီး ယင်းဂြိုဟ်တု၏ ရည်ရွယ်ချက်မှာ သတင်းအချက်အလက် ပြန်ကြားမှုအတွက်သာ မဟုတ်ကြောင်း ထုတ်လုပ်သူများက ပြောကြားသည်။ ယခုလွှတ်တင် သည့် ထောက်လှမ်းရေးဂြိုဟ်တုသည် ထောက်လှမ်းရေးအဖွဲ့က ကိုးရက်အတွင်း ဒုတိယမြောက် လွှတ်တင်သည့် ဂြိုဟ်တုဖြစ်သည်။ The NROL-38 အမည်ရှိ ပထမထောက်လှမ်းရေးဂြိုဟ်တုကို ဇွန် ၁၀ရက် ဒေသစံတော်ချိန်နံနက် ၈ နာရီ ၂၈ မိနစ်က ဖလော်ရီဒါဒုံးပစ်စင်မှ လွှတ်တင်ခဲ့သည်။

ပေကျင်း-ရှန်ဟိုင်း မြန်နှုန်းမြင့်ရထားစီးသူ ၅၂ သန်းကျော်ရှိလာ

ပေကျင်း-ရှန်ဟိုင်းခရီးစဉ်သုံးမြန်နှုန်းမြင့်ရထားများ သွားလာမှုစတင်ဖွင့်လှစ်သည့်အချိန်မှ တစ်နှစ်အကြာတွင် ခရီးသည်ပေါင်း ၅၂ ဒသမ ၆သန်းကို တင်ဆောင်ပြေးဆွဲပေးခဲ့ကြောင်း ဇွန် ၃၀ ရက်တွင်နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များက ဖော်ပြသည်။ အဆိုပါ မြန်နှုန်းမြင့်ရထားများ စတင်ပြေးဆွဲသည့် ပထမနှစ်မှာပင် အခေါက်ရေ၅၆၀၀၀ကျော် ပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း ပေကျင်း-ရှန်ဟိုင်း အမြန်ရထားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ (အပေါ်ပုံ)

တရုတ်နိုင်ငံအတွင်းရှိ ပေကျင်းမြို့နှင့် ရှန်ဟိုင်းမြို့များကို ချိတ်ဆက်ထားသည့် ၁၃၁၈ ကီလိုမီတာရှည်လျားသော အဆိုပါ မြန်နှုန်းမြင့် ရထားလမ်းကွန်ရက်ကို သုံးနှစ်ကြာဖောက်လုပ်ခဲ့ပြီး ပြီးခဲ့သည့်နှစ် ဇွန်လမှစတင်ဖွင့်လှစ်ပြေးဆွဲခဲ့ခြင်း ဖြစ်သည်။ အဆိုပါရထားများကို ကနဦးက တစ်နာရီလျှင် ကီလိုမီတာ ၃၅၀ နှုန်းအထိ မောင်းနှင်ခွင့်ပြုခဲ့ပြီးနောက်ပိုင်း တစ်နာရီလျှင် ကီလိုမီတာ ၃၀၀ နှုန်း အထိသာ မောင်းနှင်ရန် သတ်မှတ်ဖောက်လုပ်ခဲ့သည်။

မြန်နှုန်းမြင့် မီးရထားလမ်းဖောက်လုပ်ရာတွင် အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၅ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံခဲ့ပြီး ပေကျင်း-ရှန်ဟိုင်းမြို့နှစ်မြို့အကြား အချိန်ငါးနာရီဖြင့် အမြန်ဆုံးပြေးဆွဲပေးလျက်ရှိသည်။

2-7 (04).pmd 1 7/2/2012, 5:24 AM

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

အီတလီနှင့်စပိန် ကြွေးမြီများသက်သာရေး အီးယူထိပ်သီးအစည်းအဝေးဆောင်ရွက်ပေးနိုင်ခဲ့ပြီ

တိုး ရေးသားသည်

ကြွေးမြီပြဿနာများဖြင့် လုံးချာလိုက်နေသည့် ဥရောပနိုင်ငံများတွင် ယူရိုဇုန် မပြိုကွဲရေးအမျိုးမျိုးကြိုးပမ်းနေရသည်။ ကြွေးမြီများလျှော့ပါးအောင် ခြိုးခြံချွေတာရသည်မှာ မိုင်ကုန်လောက်အောင်ဖြစ်နေ၍ အချို့နိုင်ငံများ၌ အသုံးစရိတ် အကျပ်အတည်းနှင့် ရင်ဆိုင်လာရသည်။

စီးပွားရေးပြဿနာကြောင့် နိုင်ငံရေးကိုပါ ရိုက်ခတ်လာခဲ့ရာ မကြာသေး မီကပင် ပြင်သစ်နှင့်ဂရိရွေးကောက်ပွဲများ ၌ပြည်သူတို့၏ထောက်ခံမှုများ ပြောင်းလဲ သွားသည်ကိုတွေ့မြင်ရသည်။ ဒီမိုကရေစီ အုတ်မြစ်ချရာ ဂရိနိုင်ငံ၌ ရွေးကောက်ပွဲ ကို ထပ်မံပြုလုပ်ရပြီး အစိုးရဖွဲ့နိုင်အောင် မနည်းပင် ကြိုးပမ်းခဲ့ရ၏။

မည်သို့ပင်ဖြစ်စေ ဂရိအစိုးရဖွဲ့နိုင် ပြီး ယူရိုဇုန်တွင် ဆက်နေရ၍ အသက် ရှူပေါက်ရသွားခြင်းဖြစ်သည်။ သို့မဟုတ် ပါက ကြွေးမြီပိနေသည့် ဂရိနိုင်ငံ ယူရို ဇုန်မှ ထွက်ရန်သာရှိသည်။

ခြိုးခြံချွေတာမှုကိုသာ ဦးတည်ရုံဖြင့် ယူရိုငွေကြေးပြဿနာ ပြေလည်နိုင်မည် မဟုတ်၊ ဖွံ့ဖြိုးရေးအစီအစဉ်ထည့်သွင်း ရန် အီးယူနိုင်ငံများ စဉ်းစားဆောင်ရွက် လာရသည်။

နိုင်ငံတွင်း ဘဏ်များယိမ်းယိုင်လာ သောအခါ ကျားကန်ပေးရန်အတွက် နိုင်ငံတော်အစိုးရက ငွေများချေးယူပံ့ပိုး ပေးရသဖြင့် ယူရိုဇုန်နိုင်ငံအချို့မှာ ကြွေးပိ၍နေသည်။

ဘရပ်ဆဲလ်မြို့၌ ပြုလုပ်သည့် ဥရောပသမဂ္ဂ (အီးယူ) ထိပ်သီးအစည်း အဝေးက အစိုးရများ၏ ကြွေးမြီအပေါ် ထပ်မဆောင်းဘဲ ယိမ်းယိုင်နေသည့် ဘဏ်များကို ယူရိုဇုန်ကယ်ဆယ်ရေးရန်ပုံ ငွေမှ တိုက်ရိုက်ထုတ်ချေးရန် အီးယူ ခေါင်းဆောင်များက သဘောတူညီလိုက် ကြပြီဖြစ်သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်ကလည်း အီတလီနိုင်ငံ ရောမမြို့၌ ယူရိုဇုန်မှ စီးပွား ရေး ထိပ်သီးနိုင်ငံခေါင်းဆောင်များတွေ့ ဆုံကာ ယူရိုဇုန် အသက်ရှူချောင်ရေး တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ ရောမ ထိပ်သီးအစည်းအဝေးသို့ အိမ်ရှင်အီတလီ ဝန်ကြီးချုပ် မာရီယိုမွန်တီ၊ ပြင်သစ်သမ္မတ ဖရန်စွာဟော်လန်ဒီ၊ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်၊စပိန်ဝန်ကြီးချုပ် မာရီယာ နိုရာဂွိုင်းတို့ တက်ရောက်ကြသည်။

ဥရောပသမဂ္ဂ(အီးယူ)၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယူရိုငွေ ဘီလီယံ ၁၃၀ (အမေရိကန်ဒေါ်လာ ၁၆၃ ဘီလီယံ) ထည့်ဝင်ရန် ၎င်းတို့ လေးဦးက မူအားဖြင့် သဘောတူလိုက် ကြသည်။ ယင်းငွေပမာဏမှာ ဥရောပ သမဂ္ဂဂျီဒီပီ၏ တစ်ရာခိုင်နှုန်းနှင့်ညီမျှ သည်။

အီးယူဘဏ္ဍာငွေ တိုးတက်ရေး အတွက် ဂျီဒီပီ၏ တစ်ရာခိုင်နှုန်းကို ငွေကြေးလည်ပတ်အောင် ထည့်ဝင်ဖို့ မိမိတို့ သဘောတူဆုံးဖြတ်ခြင်းဖြစ် ကြောင်း ပြင်သစ်သမ္မတ ဖရန်စွာဟော် လန်ဒီ၏ ပြောပြချက်အရသိရသည်။ ထို အစီအစဉ်မှာ အရေးကြီးသည့် လက္ခဏာ တစ်ရပ်အဖြစ် ဂျာမနီဝန်ကြီးချုပ်မာကယ်က လည်း လက်ခံသည်။

ယူရိုဇုန်တွင် နိုင်ငံရေးအရ ပိုမိုရင်းနှီး ပွင့်လင်းစွာဆောင်ရွက်ရန်နှင့် ရှေ့နောက် ညီညွတ်သော မူဝါဒများချမှတ်ကျင့်သုံး သင့်ကြောင်း ဂျာမနီဝန်ကြီးချုပ်မာကယ်က ပြောဆိုသည်။ ယူရိုဇုန် စတင်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဘဏ္ဍာငွေဆိုင်ရာ ယုံကြည်မှုပြန်လည်ရရှိရေးမှာ သော့ချက် ဖြစ်သည်ဟု ရောမအစည်းအဝေး တက်ရောက်သူများက ယုံကြည်ကြောင်း အီတလီ ဝန်ကြီးချုပ် မာရီယိုမွန်တီက ပြောကြားလိုက်သည်။

ဝေဖန်ဆန်းစစ်သူများကမူ ဤအစီ အစဉ်သည် ငွေကြေးအနည်းငယ်သာ သို့မဟုတ် မပါသလောက်ဖြစ်လျှင် လက်တွေ့အလုပ်ဖြစ်မည်မဟုတ်ကြောင်း ပြောဆိုကြသည်။ ယူရိုငွေချေးစာချုပ် များကဲ့သို့သောကိစ္စများတွင် အဖွဲ့ဝင် နိုင်ငံအားလုံး တညီတညွတ်တည်း သဘောထားရရှိရန် လိုအပ်နေသေး သည်ဟု ဝေဖန်ကြသည်။

သောကြာနေ့က ပြုလုပ်သည့် ရောမ အစည်းအဝေးတွင် ဘဏ်များကို ကယ်တင်ရန် စပိန်နိုင်ငံက ယူရိုငွေ ဘီလီယံ ၁၀၀ ချေးမည့်အကြောင်း ပြောကြားမည်ဟု မျှော်လင့်ထားသော် လည်း စပိန်က ရေငုံနှုတ်ပိတ်နေခဲ့သည်။

စပိန်နှင့်အီတလီနိုင်ငံတို့မှာ ယခုအခါ ဘဏ်များအတွက် အစိုးရက ငွေချေး ရမည့် အခြေဆိုက်ရောက်လျက်ရှိသည်။

ယခုတော့ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ပြုလုပ်သော အီးယူ ထိပ်သီးအစည်းအဝေးတွင် အစိုးရ၏ ကြွေးမြီများအပေါ်ထပ်မတင်ဘဲ ငွေလို အပ်နေသည့်ဘဏ်များကို ယူရိုဇုန် ကယ်ဆယ်ရေးရန်ပုံငွေမှ တိုက်ရိုက် ထုတ်ပေးရန် အီးယူခေါင်းဆောင်များက သဘောတူလိုက်သည်။ စပိန်နှင့်အီတလီ အစိုးရများလည်း ဘဏ်များအရေးကို တာဝန်ယူငွေချေးပေးရန် မလိုတော့ပေ။

ယူရိုဇုန်အတွင်းရှိ ဘဏ်များကြီးကြပ် ရေးအဖွဲ့ကို ဖွဲ့စည်းရမည်ဖြစ်ကြောင်း ဘရပ်ဆဲလ်၌ ခေါင်းဆောင်များ ၁၃ နာရီ ကြာ ဆွေးနွေးအပြီးတွင် အီးယူ အကြီး အကဲ ဟာမန်ဗန်ရွမ်ပိုင်က ပြောကြား လိုက်သည်။

အစီအစဉ်များမှာဇူလိုင်တွင်းမှ ပြီးပြတ် မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြော ကြားသည်။ ဘရပ်ဆဲလ်မှ ထိုသတင်း များ ထွက်ပေါ်လာပြီးနောက် အာရှဈေး ကွက်တွင် ယူရိုငွေတန်ဖိုးတက်သွားသည်။

ဤအစီအစဉ်က နိုင်ငံတော်အစိုးရ များနှင့်ဘဏ်များအကြား ဂျာအေးသူ့ အမေရိုက်သည့်အဖြစ်မှ လွတ်မြောက် သွားစေနိုင်မည်ဟုလည်း အီးယူအကြီး အကဲ မစ္စတာရွမ်ပိုင်က ပြောကြားလိုက် သည်။ ။

အီတလီနိုင်ငံ ရောမမြို့၌ ပြီးခဲ့သည့်သီတင်းပတ်က ကျင်းပခဲ့သည့် ယူရိုဇုန်ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး အပြီး ဤသို့ တွေ့ရသည်။

ဆန်းသစ်တီထွင်

မိုးမြင့်လင်းလက် - ရေးသည်

လူ့စွမ်းအားဖြင့်မောင်းနှင်သည့် ရဟတ်ယာဉ် ဝေဟင်၌ စမ်းသပ်ပျံသန်းနိုင်ပြီ

မေရီလန်း ဇူလိုင် ၁

အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ်မှ အင်ဂျင်နီယာဒုတိယနှစ် ကျောင်းသား တစ်ဦးက လူ့စွမ်းအားဖြင့်မောင်းနှင်ပျံသန်းနိုင်သော ရဟတ်ယာဉ်ကို ဝေဟင်၌ စက္ကန့် ၅၀ ကြာမျှ မောင်းနှင်ပျံသန်းပြနိုင်ခဲ့ကြောင်း ဇွန် ၂၉ ရက်တွင် အင်တာနက်သတင်း ၌ဖော်ပြသည်။

အဆိုပါကျောင်းသားမှာ မေရီလန်းပြည်နယ်မှ အေဂျိမ်းစ်ကလက် အင်ဂျင်နီယာတက္ကသိုလ်မှ ကျောင်းသားတစ်ဦးဖြစ်ပြီး ဂါမီရာ-၂ အမည်ရှိအင်ဂျင်ကို လေယာဉ်ထိုင်ခုံပေါ်မှနေ၍ ခြေထောက်နှစ်ဖက်၏ခြေနင်းအားနင်းကာ မော်တာ အား လည်ပတ်စေပြီး မော်တာနှင့်ဆက်စပ်ထားသည့် ရဟတ်ယာဉ်တောင်ပံများ အား လည်ပတ်စေကာ ဝေဟင်၌ မောင်းနှင်ပျံသန်းပြခဲ့ခြင်းဖြစ်သည်။

ထိုသို့ ခြေနင်းအားဖြင့် ရဟတ်ယာဉ် မောင်းနှင်ပျံသန်းပြသခဲ့ရာတွင် ဝေဟင်၌ပျံသန်းချိန် စက္ကန့် ၅၀ ကြာမြင့်ခဲ့သည်။ အဆိုပါပျံသန်းချိန်သည် ၎င်းကိုယ် တိုင် ၂၀၁၁ ခုနှစ်က ခြေနင်းအားဖြင့် မောင်းနှင်ပျံသန်းခဲ့သည့် ရဟတ်ယာဉ်ပျံသန်းမှု ကြာချိန် ၁၁ ဒသမ ၄ စက္ကန့်ကို စံချိန်ချိုးနိုင်ခဲ့သည်။

ပိုမိုရှည်ထား

ထိုစဉ်က ရဟတ်ယာဉ်ပျံသန်းရန်အသုံးပြုခဲ့သည့် မော်တာမှာ ဂါမီရာ-၁ အမျိုးအစားဖြစ်သည်။ ယခုမောင်းနှင်ပျံသန်းရာတွင် အသုံးပြုခဲ့သည့် မော်တာမှာ ၎င်းကိုယ်တိုင်တီထွင်ထုတ်လုပ်ထားသော ဂါမီရာ-၂ မော်တာဖြစ်သည်။ ယခုမော်တာ မှာ ယခင်ဂါမီရာ-၁ မော်တာထက် အလေးချိန် ၃၀ ရာခိုင်နှုန်း ပိုမိုပေါ့ပါးပြီး ရဟတ် ယာဉ်ဒလက်များကိုလည်း ယခင်ကထက် ပိုမိုရှည်ထားသည်။

အဆိုပါလူ့စွမ်းအားရဟတ်ယာဉ်ကို အခြေခံပြီး အနာဂတ်ကာလတွင် လောင်စာဆီအသုံးပြုစရာမလိုသည့် လူ့စွမ်းအားသုံး ရဟတ်ယာဉ်များကို နည်းပညာ သစ်၊ အင်ဂျင်ဒီဇိုင်းအသစ်နှင့် ရဟတ်ယာဉ်ပုံစံသစ်များပြုလုပ်ကာ အသုံးပြုသွားရန် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ရဟတ်ယာဉ်ပျံသန်းစေရန် ခြေနင်းအားဖြင့် မောင်းနှင်နေသည်ကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

အိန္ဒိယမှ အသက်ငါးနှစ်အရွယ်သမီးငယ်လေး စကိတ်စီးပြီး ကားများအောက်မှ ဖြတ်သန်းစံချိန်တင်

အာကာဟိန်း စုစည်းသည်

မွမ်ဘိုင်း ဇူလိုင် ၁

အိန္ဒိယနိုင်ငံ ကိုလ်ဟာပူရာမြို့မှ အသက်ငါးနှစ်အရွယ် သမီးငယ်တစ်ဦး က စကိတ်စီးပြီး ရပ်ထားသော ကား များအောက်မှ ဖြတ်သန်းပြနိုင်ခဲ့ရာ ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး စကိတ်စီးပြီး ကားအရေအတွက် အများ ဆုံးအောက်မှ ဖြတ်သန်းနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဇွန် ၂၈ ရက်က ဖော်ပြခံရသည်။

ဖြတ်သန်းနိုင်

အသက်ငါးနှစ်အရွယ် ရှရီးရာရာ ကတ်ဒက်ပင်ဒီအမည်ရှိ မိန်းကလေး ငယ်က အရှိန်ဖြင့်စကိတ်စီးပြီး တန်းစီ ရပ်ထားသော မော်တော်ကား ၂၇ စီး အောက်မှနေ၍ အထိအခိုက်မရှိ အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့သည်။

အိန္ဒိယနိုင်ငံ ကိုလ်ဟာပူရာမြို့မှ သမီးငယ်လေး ရှရီးရာရာ ကတ်ဒက်ပင်ဒီက စကိတ်စီးပြီး ရပ်ထားသော ကားများအောက်မှ ဤသို့ ဖြတ်သန်းပြခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ထိုသို့ မော်တော်ကားများအောက်မှ စကိတ်စီးပြီးဖြတ်သန်းသည့် အကွာအဝေးမှာ ၁၅၈ ပေနှင့် ၂ လက်မရှိသည်။ သူမသည် ပြီးခဲ့သည့် သီတင်း ပတ်အတွင်းကလည်း သူမ၏ မိဘများနှင့် အိမ်နီးချင်းများအား ရပ်ထားသော မော်တော်ကားများအောက်မှ စကိတ်စီးပြီး ဖြတ်သန်းပြခဲ့သေးသည်။

ယခုအခါ ဂင်းနက်စ်မှတ်တမ်းတင်ရေးအဖွဲ့မှ တာဝန်ရှိသူများရှေ့တွင် ရပ်ထားသော ကားအစီးရေ ၂၇ စီးအောက်မှ လက်တွေ့ စကိတ်စီးပြသ ခဲ့ခြင်း ဖြစ်သည်။

သူမသည် ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလက မွမ်ဘိုင်းမြို့တွင် စကိတ်စီးပြီး ရပ်ထားသော မော်တော်ကားများအောက်မှ ဖြတ်သန်းခဲ့ရာတွင် အကွာ အဝေး ၁၂၆ ပေအထိ ဖြတ်သန်းနိုင်ခဲ့သည်။ ထိုသို့ စကိတ်စီးပြသနိုင်ခဲ့မှုကို အိန္ဒိယရုပ်မြင်သံကြားလိုင်းမှ ရိုက်ကူးပြခဲ့သည်။ ယခုအခါ သူမသည် ယခင်စံချိန်ကို ချိုးနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ရုရှားနိုင်ငံ၌ လူဦးရေအများဆုံး ရိုးရာကပွဲ ဒေသခံများပါဝင်ဆင်နွှဲ၊ ဂင်းနက်စ်စံချိန်တင်နိုင်ခဲ့

မော်စကို ဇူလိုင် ၁

ရုရှားနိုင်ငံ ဆာခါဒေသရှိ ယာကတ်မြို့တွင် ဒေသခံများ စုပေါင်း၍ ရိုးရာဓလေ့အကကို ဇွန် ၂၈ ရက်က စုပေါင်းကပြခဲ့ရာ ကမ္ဘာပေါ်၌ လူဦးရေအများဆုံး ရိုးရာဓလေ့အက ဆင်နွှဲသူများအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ယာကတ်မြို့ရှိ ဒေသခံလူမျိုးစုများ၏ ရိုးရာဓလေ့စုပေါင်းကပြပွဲ၌ ပါဝင်ဆင်နွှဲသူ ၁၅၂၉၃ ဦးရှိရာ လူဦးရေအများဆုံး ရိုးရာဓလေ့အကပွဲအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်သူ များက သတ်မှတ်ဖော်ပြခဲ့ခြင်း ဖြစ်သည်။ ***(အောက်ပုံ)***

အဆိုပါ ရိုးရာဓလေ့အကမှာ ပါဝင်ဆင်နွှဲသူများက လက်များ ပြိုင်တူညီညာစွာမြှောက်ပြီး ကပြခြင်း၊ တစ်ဦးနှင့်တစ်ဦးလက်ချင်းတွဲပြီး ကပြခြင်းနှင့် တစ်ဦးနှင့်တစ်ဦး လက်မောင်းချင်းချိတ်ဆက်ကာ စက်ဝိုင်း ပုံသဏ္ဍာန် ဝိုင်းပတ်လှည့်လည်ကပြကြခြင်းတို့ဖြင့် ကပြခဲ့ကြသည်။ ထိုသို့ စုပေါင်းကပြရာတွင် စုပေါင်း သံပြိုင်သီချင်း သီဆိုခြင်း၊ ရိုးရာတေးဂီတ သံစဉ်တေးသွားများဖြင့် စုပေါင်းလက်တွဲကပြခြင်းများဖြင့် ဖျော်ဖြေ ဆင်နွှဲခဲ့ကြသည်။ အဆိုပါ စုပေါင်းကပြပွဲမှာ ဒေသခံလူမျိုးစုများ၏ နှစ်သစ်ကူးပွဲတော်အဖြစ် စုဝေးကပြ ခြင်းလည်း ဖြစ်သည်။ ***(အင်တာနက်)***

ဌာန၏သဘောသဘာဝကို သုံးသပ်၊ မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကို လေ့လာစဉ်းစား ဆောင်ရွက်လိုသည့်ကိစ္စများကို ပွင့်ပွင့်လင်းလင်းတင်ပြဆောင်ရွက်သွားရန်လိုအပ်

ရန်ကုန် ဇူလိုင် ၁

ပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဉာဏ်ထွန်းအောင်သည် ဇွန် ၃၀ ရက် နံနက်ပိုင်းက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၏လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြုပြင်ပြောင်းလဲခြင်း Reform Strategy နှင့်ပတ်သက်၍ ဦးဆောင်ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း (၄)ခုနှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့၏ Service Provider အဖွဲ့အစည်း Institution ကိုပြောင်းလဲဖွဲ့စည်းရမည် ဖြစ်ကြောင်း၊ Institution ပြောင်းရန်အတွက် International Model များကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာ၍ အခိုင်အမာရေးဆွဲပြီးနောက် မိမိတို့ဌာန စီမံခန့်ခွဲရေးကော်မတီ (EC) တွင် အတည်ပြုရန်ဖြစ်ကြောင်း၊ Organization System, Management Systemနှင့်Financial Control System များကို ပြောင်းလဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ Financial Control System အတွက် ပြင်ပမှကျွမ်းကျင်သော ပညာရှင်များ၏ အကြံဉာဏ်ရယူကာ မိမိဌာန၏ Budget ကို မည်သူက စစ်ဆေးသည်ဖြစ်စေ In Line ဖြစ်စေရန်လိုအပ်ကြောင်း၊ Banking System တွင် Cash ကို Transition မလုပ်ဘဲ Bank Transfer စနစ်ကိုအသုံးပြုခြင်းဖြင့် ငွေကြေးကိုင်တွယ်ဆောင်ရွက်ရာတွင် မလိုလားအပ်သော Incident များ လျော့နည်းစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းတွင် ပြောကြားသကဲ့သို့ "Not only for the economy but also for the social economy" ဖြစ်ရန် လက်ရှိခန့်ထားသည့် ဝန်ထမ်းဦးရေထက် လျှော့ချရန်မဟုတ်ဘဲ အလုပ်လက်မဲ့ဦးရေလျော့နည်းပြီး Socio economy တိုးတက်မြင့်တင်ရေးအတွက် ဝန်ထမ်းဦးရေတိုးခန့်ရန်၊ ထိုကဲ့သို့ တိုးမြှင့်ခန့်ထားခြင်းအတွက်လည်း စွမ်းဆောင်ရည်ပိုမိုတိုးတက်အောင် ပြုလုပ်ရမည်ဖြစ်ကြောင်း၊ လက်ရှိကာလသည် ယခင်ကဲ့သို့ အထက်မှညွှန်ကြားသည့် Top- Down စနစ်မဟုတ်ဘဲ အောက်ခြေမှတင်ပြချက်များကို အတည်ပြုပေးသည့် bottom-up စနစ်ဖြစ်သည့်အတွက် ဌာနများမှ ဆောင်ရွက်လိုသည့် ကိစ္စများကို ပွင့်ပွင့်လင်းလင်း တင်ပြဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လမ်းကြောင်းမှန်စေရန်၊ နိုင်ငံတော်၏ မူဝါဒမှ တိမ်းချော်မှုမရှိစေရန်အတွက်

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် Policy ကိုသာ ဆုံးဖြတ်ပေးသွားမည်ဖြစ်ကြောင်း။

Corporation အသွင်ဖြင့်ပြောင်းလဲဆောင်ရွက်မည့် ဌာနအဖွဲ့အစည်းများသည် ရရှိလာသည့်အမြတ်မှ ဝန်ထမ်းများအား Bonus ပေးနိုင်ရေး၊ Social Welfare ဖြစ်သည့် Health, Housing များစီစဉ်ပံ့ပိုးပေးနိုင်ရေးအတွက် ကြိုတင်ထည့်သွင်းရေးဆွဲထားရမည်ဖြစ်ကြောင်း၊ Reform လုပ်သည့်နေရာတွင် မိမိဌာန အခြေအနေကို သေချာလေ့လာရန် လိုအပ်ကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ Regulatory များတွင် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့်လည်း သက်ဆိုင်နေကြောင်း၊ သို့ဖြစ်ပါ၍ မိမိဌာန၏ သဘောသဘာဝ အခြေအနေမှန်ကိုသုံးသပ်၍ မည်ကဲ့သို့ ဆောင်ရွက်သင့်သည်ကို လေ့လာစဉ်းစားရန်လိုကြောင်း၊ ဝန်ထမ်းများ၏ Mind-set ကိုလည်း ပြောင်းရန်လိုကြောင်း၊ ကျွမ်းကျင်သော Consultant များ၏ အကြံဉာဏ်ရယူပြီး Locally ရော Global ကိုပါ ထည့်သွင်းစဉ်းစားရန် လိုကြောင်း၊ ပြောင်းလဲဆောင်ရွက်သည့် ကိစ္စရပ်တိုင်းသည်Consistent ဖြစ်ရန်လိုအပ်ကြောင်း၊ Transparency ဖြင့် အထောက်အထားခိုင်ခိုင်မာမာ ပြသနိုင်ရန်လိုကြောင်း၊ International နှင့်လည်း In Line ဖြစ်ရန်လိုကြောင်းဖြင့် ပြောကြားသွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်အတွင်း၌ ၂၀၁၂ ခုနှစ် မေလနှင့် ဇွန်လအတွင်း ဖြစ်ပွားခဲ့သည့် ဥပဒေမဲ့လုပ်ရပ်များအပေါ် ဖော်ထုတ်အရေးယူလျက်ရှိ

နေပြည်တော် ဇူလိုင် ၁

ရခိုင်ပြည်နယ်အတွင်း၌ ၂၀၁၂ခုနှစ် မေလနှင့် ဇွန်လတို့တွင် တည်ငြိမ်အေးချမ်းရေးနှင့် ဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေခဲ့သည့် မေလ ၂၈ ရက်က ဖြစ်ပွားခဲ့သော ရမ်းဗြဲမြို့နယ်၊ ကျောက်နီမော်ကျေးရွာအုပ်စု သပြေချောင်းရွာနေ မသီတာထွေး (ဘ) ဦးလှတင်အား လူငယ်သုံးဦးက သတ်ဖြတ်ခဲ့မှုဖြစ်စဉ်၊ ဇွန်လ ၃ ရက်ကဖြစ်ပွားခဲ့သော တောင်ကုတ်မြို့၌ ရိုးမသစ္စာယာဉ်ပေါ်ပါလူပုဂ္ဂိုလ် ၁၀ ဦး အသတ်ခံရမှုဖြစ်စဉ်နှင့် ဇွန်လ ၃ ရက်က ဖြစ်ပွားခဲ့သော စစ်တွေမြို့ အမှတ်(၁) ရဲစခန်းအား လူစုလူဝေးဖြင့် ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ဖြစ်ရပ်အမှန် ဖော်ထုတ်နိုင်ရေးနှင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေးတို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ် ဇွန်လ ၆ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၄၃/၂၀၁၂) အရ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဥက္ကဋ္ဌအဖြစ်ပါဝင်သော ၁၆ဦးပါ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

အဆိုပါ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဇွန်လ ၇ ရက်မှ ၂၅ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့၊ သံတွဲမြို့၊ တောင်ကုတ်မြို့၊ ကျောက်ဖြူမြို့နှင့် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာတို့သို့ သွားရောက်စစ်ဆေးခဲ့သည်။

မေလ ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော ကျောက်နီမော်ဖြစ်စဉ်နှင့်ပတ်သက်၍ အမှုဖွင့် စစ်ဆေးဖော်ထုတ်ချက်အရ တရားခံသုံးဦးအား မေလ ၂၉ ရက်တွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး အရေးယူဆောင်ရွက်ခဲ့ရာ တရားခံတစ်ဦးမှာ ဇွန်လ ၉ ရက်နေ့တွင် ကျောက်ဖြူအကျဉ်းထောင်၌ ချုပ်နှောင်ထားစဉ် ထောင်ထဲ၌ မိမိကိုယ်ကိုမိမိ ကြိုးဆွဲချသေဆုံးသွားခဲ့ပြီး ကျန်တရားခံနှစ်ဦးအား ကျောက်ဖြူခရိုင်တရားရုံးမှ ဇွန်လ ၁၈ ရက်တွင် သေဒဏ်အမိန့်ချမှတ်ခဲ့ပြီးဖြစ်သည်။

ဇွန်လ ၃ ရက်တွင် ဖြစ်ပွားခဲ့သော တောင်ကုတ်မြို့ဖြစ်စဉ်ကို အမှုဖွင့်အရေးယူစုံစမ်းဖော်ထုတ်ခဲ့ရာတွင် တာဝန်ရှိပြည်သူများနှင့် ပူးပေါင်းဖော်ထုတ်မှုအရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်နိုင်သူ ၃၀ ဦးအား ဖော်ထုတ်ရရှိခဲ့သဖြင့် တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အရေးယူဆောင်ရွက်

ဇွန်လ ၃ ရက်တွင် ဖြစ်ပွားခဲ့သော စစ်တွေမြို့ဖြစ်စဉ်ကိုလည်း အမှုဖွင့်စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ ၂၄ ဦး ဖော်ထုတ်နိုင်သည့်အနက် ၁၉ ဦးအား စစ်တွေရဲစခန်းမှ ဖမ်းဆီးစစ်ဆေးလျက်ရှိသည့်အပြင် ကျန်ငါးဦးကိုလည်း ဆက်လက်စုံစမ်းဖမ်းဆီးကာ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်များအရ တရားခံများအား ဖမ်းဆီးထိန်းသိမ်းကာ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် တရားဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီမံကိန်းတာဝန်ပေးအပ်

၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်ပွဲကို ဇွန် ၂၆ ရက်က ကျောက်တံတားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျက နှစ်စဉ်စီမံကိန်းရည်မှန်းချက်တာဝန်များကို အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းစိန်အား ပေးအပ်စဉ်။ (မြန်မာ့အလင်း)

အုတ်တွင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်စရိတ်ထောက်ပံ့ပေးအပ်

အုတ်တွင်း ဇူလိုင် ၁

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) အုတ်တွင်းမြို့နယ် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ စစ်မှုထမ်းဟောင်း သားသမီးများ ပညာသင်စရိတ်ငွေ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပင်စင်လစာငွေများတိုးပေးခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ်ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်စစ်မှုထမ်းဟောင်းရုံး၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌဗိုလ်ကြီးအောင်ဝင်း (ငြိမ်း) က အဖွင့်အမှာစကားပြောကြားပြီး သံဃာတော်များအား နေ့ဆွမ်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်သည်။ ထို့နောက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်သားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ငွေကျပ် ၃၂၀၀၀၀ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၁၁၆)**

မြန်မာ့အလင်း သူ့အတွေး သူ့အမြင်

အခြေခံမျှလောက် သိထားတတ်ထားသင့်ပါသည်

တစ်နေ့သောနံနက်ခင်း၌ ဘတ်စ်ကားစီးရင်း မြင်တွေ့ခဲ့ရသည့် အဖြစ်အပျက်တစ်ခုကြောင့် စိတ်မကောင်းဖြစ်မိသည်။ ယနေ့နံနက် မော်တင်တွင်ဂိတ်ဆုံးသော (၇၈)အောက်လမ်းကားကိုစီး၍ ရုံးသို့လာခဲ့သည်။ ရုံးပိတ်ရက်ဖြစ်၍ ကားက ခရီးသည်များဖြင့် သိပ်မကျပ်ပါ။ ထိုင်ခုံပင်ရသေးသည်။ သိမ်ဖြူစာတိုက်မှတ်တိုင်တွင် လူငယ်တစ်ဦးတက်လာသည်။ မိမိရှေ့ခုံတွင် လာထိုင်သည်။ ယာဉ်နောက်လိုက်က ကားခလာတောင်းသည်။ ခရီးသည်က Five Star ဘယ်လောက်လဲ မေးသည်။ ယာဉ်နောက်လိုက်ပြန်ဖြေသည်မှာ "အဲဒီကိုမရောက်ဘူးအစ်ကို၊ မော်တင်အထိပဲရောက်မယ်"ဟုဆိုသည်။ Five Star ကို သူနားမလည်။ မိမိကပြောမည်ပြင်စဉ် ရှေ့ခုံက လူတစ်ယောက်က "Five Star ဆိုတာ ကြယ်ငါးပွင့်မှတ်တိုင်ကိုပြောတာ၊ ရောက်တယ်လေ"လို့ပြောတော့မှ ယာဉ်နောက်လိုက်က ကြယ်ငါးပွင့်မှတ်တိုင်ဆိုရင် ကားခ ၁၀၀ ကျပ်ဆိုပြီး ယူလိုက်သည်။

အဆိုပါ ယာဉ်နောက်လိုက်ကလေးကို လေ့လာလိုက်သောအခါ မွန်မွန်ရည်ရည်နှင့် ယဉ်ယဉ်ကျေးကျေးပုံစံလေးဖြစ်သည်။ ပြောရမည်ဆိုလျှင် ယာဉ်နောက်လိုက်အလုပ်ကိုလုပ်သည်မှာ မကြာသေးဟုထင်ပါသည်။ အဆိုပါလူငယ်သည် Five Star ဟူသော စကားလုံးကို နားမလည်။ လုပ်သက်ရ ယာဉ်နောက်လိုက်ဆိုပါက နားရည်ဝ နေသဖြင့် အထက်ပါအသုံးအနှုန်းနှင့်နေရာကို နားလည်သိရှိမည်ပင် ဖြစ်ပေသည်။

ယနေ့ မိမိတို့နိုင်ငံသို့ ပြည်ပနိုင်ငံအသီးသီးမှ အကြောင်းအမျိုးမျိုးဖြင့် လာရောက်သူ များလာနေပေပြီ။ ဗဟုသုတရှာချင်၍ဖြစ်စေ၊ လေ့လာလို၍ဖြစ်စေ၊ တမင်သက်သက်ပင် ဘတ်စ်ကားစီးကြသူများကိုလည်း တွေ့ခဲ့ဖူးသည်။ မိမိတို့နိုင်ငံရှိ လူငယ်လူရွယ်များသည် အင်္ဂလိပ်စာကို အခြေခံမျှလောက်တော့ဖြင့် သိသင့်ပေသည်။ ယာဉ်နောက်လိုက်မို့၊ ဆိုက်ကားဆရာမို့၊ အထမ်းသမားမို့၊ ဈေးသည်မို့ . . . စသည်ဖြင့် မိမိ၏အသက်မွေးမှုသည် အင်္ဂလိပ်စာနှင့်ဘာမျှမဆိုင် အင်္ဂလိပ်စာ တတ်ရန်မလိုဟု မယူဆသင့်ပေ။

ယနေ့အချိန်အခါတွင် "အိမ်သာ၍ ဧည့်လာ"ဆိုသကဲ့သို့ နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုသရုပ်မှန်ကိုသိလိုသူ ပြည်ပဧည့်သည်များကား မိမိတို့နိုင်ငံသို့ တစ်နေ့တခြားအဝင်အထွက်များလာနေပြီဖြစ်သည်။ သို့ဖြစ်ရာ လူငယ်လူရွယ်တိုင်း မိမိတို့၏ မြန်မာစာ၊ မြန်မာစကားကို ပိုင်ပိုင်နိုင်နိုင် နှံ့နှံ့စပ်စပ် သိရှိနားလည်ပြောဆိုနိုင်စွမ်း ရှိရမည်ဖြစ်သကဲ့သို့ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားကိုလည်း အခြေခံမျှ သိထား၊ တတ်ထားသင့်ပါသည်။

သို့မှသာ ပြည်တွင်းပြည်ပဧည့်သည်အပါအဝင် မိမိ၏လုပ်ငန်းသဘောသဘာဝအရ မိမိနှင့်ထိတွေ့ဆက်ဆံနေရသူအားလုံးအပေါ် မိမိကဝန်ဆောင်မှုကောင်းဖြင့် တာဝန်ကျေပွန်စွာ ညွှန်ပြပြောဆိုနိုင်စွမ်းရှိမည်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် ဆန္ဒပြုရေးသားလိုက်ရပါသည်။ **(မေနိုင်-စာနယ်ဇင်း)**

ဇွန် ၂၄ ရက်က မိုးပွင့်အဆင့်(၃)အဖြစ် စဉ့်ကူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို လက်ပံလှ အခြေခံပညာအထက်တန်းကျောင်းတွင်ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထူးက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရွှေဦးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်လှိုင်ထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၄၃၃)

နတ်တလင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

နတ်တလင်း ဇူလိုင် ၁

နတ်တလင်းမြို့နယ် ကျောက်ခွက်ကျေးရွာ အလယ်တန်းကျောင်းဝင်းအတွင်း ဇွန် ၂၅ ရက် နံနက် ၉ နာရီက ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။ **(ယာပုံ)**

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် နတ်တလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးဇော်လွင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ နတ်တလင်းမြို့နယ်မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝါသနာရှင်များဖြင့် စုဖွဲ့ထားသော စိမ်းညို့မြိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးခင်မောင်ကျော် ဦးဆောင်သော သစ်တောဝန်ထမ်းများက ကျွန်းပင်နှင့် ယူကလစ်ပင် ၅၀၀ ကျော် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ဓာတ်ဆားမှုန့် အလုပ်ရုံစစ်ဆေး

နေပြည်တော် ဇူလိုင် ၁

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ဇွန် ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဓာတ်ဆားမှုန့်အလုပ်ရုံ၌ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးခဲ့ပြီး ဓာတ်ဆားမှုန့်ထုတ်လုပ်ရေးစက်များ ပြုပြင်မွမ်းမံမှု၊ ဓာတ်ဆားမှုန့်ထုတ်လုပ်ရာတွင် အသုံးပြုရမည့် ကုန်ကြမ်းပစ္စည်းများ ထားသိုထိန်းသိမ်းထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်-အင်းစိန်လမ်းမကြီးရှိ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း သိုလှောင်ရုံရှိ ခွဲ၌ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပစ္စည်းများစနစ်တကျသိုလှောင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ဓာတ်ဆားမှုန့်အလုပ်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုစာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁

၂၀၁၂ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဂုဏ်ပြုစာတမ်းဖတ်ပွဲကို **(အပေါ်ပုံ)** ဇွန် ၂၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အစည်း အဝေးခန်းမ၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယကများနှင့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသူများနှင့် စာတမ်းရှင်များ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲတွင် သဘာပတိအဖြစ် ဒေါက်တာဒေါ်ခင်သိန်း [ပါမောက္ခ (ငြိမ်း) ရန်ကုန်တက္ကသိုလ်၊ ပိဋကဘာသာပြန် စာတည်းအဖွဲ့ဝင်၊ မြန်မာစာအဖွဲ့-အဖွဲ့ဝင်]က ဆောင်ရွက်ပြီး စာတမ်းရှင် ဒေါ်သွယ်သွယ်နွဲ့ (လက်ထောက်ကထိက မြန်မာစာဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်-ရန်ကုန်)က "မြန်မာအမျိုးသမီးတို့၏ တန်ဖိုးထားမှုနှုန်းစံ" စာတမ်း၊ ဒေါ်ရီရီမြင့် (ပါမောက္ခ၊ ငြိမ်း) ရန်ကုန်စီးပွားရေးတက္ကသိုလ် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း)က "စီးပွားရေးဖွံ့ဖြိုးမှုတွင် အမျိုးသမီးများပါဝင်မှု"စာတမ်းနှင့် ပါမောက္ခ ဒေါ်ကြည်ကြည်သင်း [ပါမောက္ခ-ဌာနမှူး၊ အဏုဇီဝဗေဒဆေးတက္ကသိုလ်(၁)ရန်ကုန်]က "အမျိုးသမီးများနှင့် ပတ်ဝန်းကျင်" စာတမ်းတို့ကို ဖတ်ကြားကြသည်။ **(သတင်းစဉ်)**

MRTV-4

၂-၇-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၅း၄၀	**မုန်ညင်းကစမြတ်ဘဝ** တရားတော် (ဆရာတော် အရှင်ပါကဋ္ဌာလင်္ကာရ)
၆း၄၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၇၀)
၇း၃၀	MRTV- 4 သတင်း
၈း၀၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၈၄)
၁၀း၅၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၂၄)
၃း၀၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၇၀)
၃း၅၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၈၄)
၆း၁၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၇၁)
၈း၃၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ **The Sign of Love အချစ်သင်္ကေတ** (အပိုင်း-၁၉)
၉း၃၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၈၅)
၁၁း၀၀	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၂၅)
၁၁း၅၅	World of Knowledge (Mega Structure: Sun Engine)

ပဲတီစိမ်းနှင့်နှမ်းများ ရမည်းသင်းမြို့နယ်၌ အောင်မြင်ဖြစ်ထွန်း

ရမည်းသင်း ဇူလိုင် ၁

ရမည်းသင်းမြို့နယ် မြို့လှမြို့နယ်ခွဲအတွင်းရှိ ပျားစီ၊ အင်းတောင်၊ သရက်ပင်၊ ပုတီးကုန်း-ငှက်ပျောတော စသည့်ကျေးရွာတို့တွင် စီမံကိန်းသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မြို့နယ်တစ်မြို့နယ်လုံးတွင် ပဲတီစိမ်း ၄၈၄၀၀ ကေနှင့် နှမ်း ၁၆၃၀၀ ကေတို့ကို လျာထားချက်အမီ စိုက်ပျိုးခဲ့ကြရာ တစ်လခွဲကြာတွင် သီးနှံများပိုးကျရောက်မှုကင်းသဖြင့် ပိုးသတ်ဆေးဖျန်းသည့်စရိတ် တစ်ဧက ကျပ် ၂၅၀၀၀ ခန့် သက်သာခဲ့သည်။ ရွာသွန်းသောမိုးမှာလည်း သင့်တင့်မျှတသဖြင့် အထွက်နှုန်းများ ကောင်းမည်ဖြစ်ကြောင်း ဒေသခံတောင်သူများက ပြောကြားသည်။

တိုးတက်ရရှိ

ပဲတီစိမ်းနှင့်တွဲပြီးနှမ်းသီးနှံပါ စိုက်ပျိုးခဲ့ရာ ဇူလိုင်လကုန်တွင် ပဲများဆွတ်ပြီးပါက ဩဂုတ်လကုန်တွင် နှမ်းသီးနှံများ ရိတ်သိမ်းကြရမည်ဖြစ်သည်။ တောင်သူများနှစ်သီးစားဖြင့် ဝင်ငွေတိုးတက်ရရှိကြမည်ဖြစ်သဖြင့် စီးပွားရေးချောင်လည်ကြမည်ဖြစ်သည်။ ထို့အပြင် ငရုတ်၊ နေကြာစသည့် သီးနှံများကိုလည်း စိုက်ပျိုးနေကြပြီဖြစ်သည်။ **(၀၁၁)**

ဇွန် ၂၇ ရက်က ရွှေပြည်သာမြို့နယ် (၂၀)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် မြို့နယ်ဦးစီးအရာရှိ ဦးဇော်သိန်းဦးနှင့်ဝန်ထမ်းများ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးကြစဉ်။ (၁၆၆)

မှတ်သားဖွယ်ရာမိုးရေချိန်များ ၁-၇-၂၀၁၂

ထားဝယ်မြို့	၇ ဒသမ ၄၄ လက်မ
လောင်းလုံမြို့	၅ ဒသမ ၅၅ လက်မ
ကိုကိုးကျွန်းမြို့	၄ ဒသမ ၉၇ လက်မ
လားရှိုးမြို့	၃ ဒသမ ၄၂ လက်မ
မချမ်းဘောမြို့	၃ ဒသမ ၃၉ လက်မ
ကျိုက်မရောမြို့	၃ ဒသမ ၀၂ လက်မ

အရာတော်မြို့နယ် မလဲသာကျေးရွာ ကျောင်းဆောင်သစ်ဖွင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇူလိုင် ၁

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် မလဲသာ ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းပညာ ဒေကရာဇ် နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်နှင့် တိုင်းဒေသကြီးပညာရေးမှူး ဦးလှသိန်းတို့က နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက နှစ်ထပ်ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပညာရေးမှူးထံ ကျေးရွာအုပ်ချုပ်ရေးမှူးက နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းအတွက် ကွန်ပျူတာတစ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်စာစောင်များကို ကျောင်းအုပ်ဆရာမကြီးထံ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မလဲသာတိုက်နယ်ဆေးရုံ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဆေးရုံပတ်ဝန်းကျင်တို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ ကြိုဆိုဂုဏ်ပြု တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁

၂၀၁၂ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချပွဲကို ဇွန် ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကေရီခိုင်က တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်ဇနီးတို့သည် တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ လုပ်ငန်းညှိနှိုင်း

မြင်းခြံ ဇူလိုင် ၁

မြင်းခြံခရိုင် မြင်းခြံမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ၂၀၁၂-၂၀၁၃ ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန် ၂၅ ရက် နံနက် ၈နာရီခွဲက စစ်မှုထမ်းဟောင်းရုံးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးအေးမြင့်(ငြိမ်း)က အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင် သားသမီး ၇၀ အတွက် ၂၀၁၂-၂၀၁၃ ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၄၂၅၀၀၀ ကို အဖွဲ့ဥက္ကဋ္ဌက ကျောင်းသားမိဘများကိုယ်စား စစ်မှုထမ်းဟောင်းအဖွဲ့ဝင် မိဘတစ်ဦးအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၄၁၇)**

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ပုသိမ်မြို့၌ မြေစိုက်ပိုစတာစိုက်ထူ

ပုသိမ် ဇူလိုင် ၁

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ၂၀၁၂ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြေစိုက်ပိုစတာစိုက်ထူပွဲကို ပုသိမ်မြို့ ရွှေရုပ်တုအဝိုင်းတွင်ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ပုသိမ်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတို့က မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)



◆ ရှေ့ဖုံးမှ

ယင်းနောက် နာမည်ကြီး အနုပညာရှင်ကြီးများ၏ ပြောင်မြောက်သည့် အနုပညာလက်ရာများ တည်ရှိသည့် ကမ္ဘာကျော် Louvre Museum ပြတိုက်နှင့် ၁၁၆၀ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ကမ္ဘာ့အထင်ကရ ရှေးဟောင်းဘုရားကျောင်းဖြစ်သည့် Notre Dame Cathedral တို့ကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

ဆက်လက်၍ ၁၈၈၉ ခုနှစ်က တည်ဆောက်ခဲ့သည့် ကမ္ဘာကျော် Eiffel Tower သို့ ရောက်ရှိပြီး မျှော်စင်တည်ဆောက်ခဲ့မှုကို ကြည့်ရှုလေ့လာသည်။ အဆိုပါမျှော်စင်မှာ အမြင့်ပေ ၁၀၅၀ ရှိပြီး ပါရီမြို့ လမ်းမကြီးပေါ်တွင်တည်ရှိသည့် သံထည်အဆောက်အအုံကြီးဖြစ်သည်။ ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ပြင်သစ်အား စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလွင်နှင့် သံရုံးမိသားစုများက ကြိုဆိုကြပြီး ညပိုင်းတွင် သံအမတ်ကြီးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် သံအမတ်ကြီးဦးတင်ဦးလွင်က စင်ကာပူနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ နေထိုင်လုပ်ကိုင်မှု အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက မိမိတို့နိုင်ငံသားများ သံရုံးနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အွန်လိုင်းစနစ် ကျင့်သုံးဆောင်ရွက်ရန်နှင့် အစစအရာရာ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

ဒုတိယသမ္မတသည် ဇွန် ၂၉ ရက်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ကမ္ဘာ့အထင်ကရ ရှေးဟောင်းဘုရားကျောင်းဖြစ်သည့် Notre Dame Cathedral တွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

စစ်သူကြီး နပိုလီယံ၏အုတ်ဂူနှင့် စစ်သမိုင်းပြတိုက်အဖြစ် ဖွင့်လှစ်ထားသည့် Museum of the Army and Tomb of Napoleon တို့ကို သွားရောက် ကြည့်ရှုခဲ့သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် ည ၁၁ နာရီ မိနစ် ၂၀ တွင် ပါရီမြို့မှ ပြင်သစ်လေကြောင်းခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ဇွန် ၂၈ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့ရှိ Changi အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များ နံနက်ပိုင်းတွင် စင်ကာပူမြို့ရှိ Marina Barrage သို့ရောက်ရှိပြီး ရေထိန်းတံခါးကိုးခုဖြင့် မြစ်ရေများထိန်းသိမ်းထားမှု၊ ပင်လယ်ဆားငန်ရေများ မဝင်ရောက်စေရန် ကာကွယ်ထားမှုကို လှည့်လည်ကြည့်ရှုရာ Singapore Water Agency မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် Resort of Santosa ရှိ ငါးပြတိုက်ကို သွားရောက်ကြည့်ရှုပြီး ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဆောင်ပိုလိုမြို့ရှိ EMBRAER လေယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီမှ ထုတ်လုပ်သည့် လေယာဉ်ပုံစံငယ်များကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

▲ ရှေ့ဖုံးမှ

ဆောင်ပိုလိုမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ပြီး ညစာမိန့်ခွန်းတို ပြောကြားခဲ့သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များသည် ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ဆောင်ပိုလိုမြို့မှ ရီယိုဒီဂျနေးရိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် ရီယိုဒီဂျနေးရိုးမြို့ရှိ Andrade Gutierrez ကုမ္ပဏီသို့ရောက်ရှိရာ ကုမ္ပဏီဥက္ကဋ္ဌ Mr.Otavio Marques de Azevedo က ကုမ္ပဏီမှဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေးလုပ်ငန်းများ၊ လေယာဉ်ကွင်း၊ ဥမင်လိုဏ်ခေါင်းလမ်း၊ ပိုက်လိုင်း၊ လမ်းနှင့် တံတား၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းစသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြီး မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် အရင်းအမြစ်များနှင့် လာရောက်ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် ည ၇ နာရီ ၅ မိနစ်တွင် ရီယိုဒီဂျနေးရိုးမြို့ Antonio Carlos Jobim - GIG အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြင်သစ်နိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ ဘရာဇီးနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ ဒေါ်အေးအေးစန်းနှင့်တာဝန်ရှိသူများ၊ ဘရာဇီးနိုင်ငံမှ ဆက်ဆံရေးအရာရှိ မစ္စတာလီယိုနာဒိုနှင့်အဖွဲ့ဝင်များက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်အား တရုတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဗျူရိုမှ ရုံးအဖွဲ့မှူးညွှန်ကြားရေးမှူးချုပ် Mr.Zhu Xiaodong ခေါင်းဆောင်သည့်အဖွဲ့ဝင် ငါးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး (အောက်ပုံ) နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများ၊ ယဉ်ကျေးမှုအမွေအနှစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများ၊ ရှေ့ဆက်လက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ဓမ္မရံကြီးဘုရားအား ရှေးမူမပျက် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

လေ့လာခဲ့

အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၇ ရက်မှ ၃၀ ရက်အထိ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသ၊ နေပြည်တော်တွင် တည်ဆောက်လျက်ရှိသည့် အမျိုးသားပြတိုက်နှင့် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်တို့ကို လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုက္ကိုင်းရေကူးအသင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၁

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ အဆိုပါအသင်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ရှေးဦးစွာ သဘာပတိကုက္ကိုင်း ရေကူးအသင်းနာယက ဦးကြည်ညွန့်က အမှာစကားပြောကြားပြီး ၂၀၁၁-၂၀၁၂ ခုနှစ် အမှုဆောင်ကော်မတီ၏ အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းကို ၂၀၁၁-၂၀၁၂ ခုနှစ် အမှုဆောင်ကော်မတီ အတွင်းရေးမှူး ဦးချိုမောင်က ဖတ်ကြားသည်။ ဆက်လက်၍ ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ဥက္ကဋ္ဌ ဦးဟန်ထွန်းမောင် (စိန်လှုံ)၊ အတွင်းရေးမှူး ဦးချိုမောင်တို့ ပါဝင်သော အမှုဆောင်ကော်မတီအသစ်ကို ဖွဲ့စည်းသည်။ ယင်းနောက် ၂၀၁၂-၂၀၁၃ ခုနှစ် အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးဟန်ထွန်းမောင် (စိန်လှုံ) က အမှာစကားပြောကြားသည်။ အဆိုပါ ကုက္ကိုင်းရေကူးအသင်းကို ၁၉၀၄ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်းသက်တမ်း ၁၀၀ ကျော်ရှိပြီဖြစ်ကြောင်းသိရှိရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား

တတိယအကြိမ်မြောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ရွက်လှေပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁

၂၀၁၂ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် တတိယအကြိမ်မြောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ရွက်လှေပြိုင်ပွဲဆုပေးပွဲကို ဇွန် ၃၀ ရက် ညပိုင်းက အင်းလျားကန်ရှိ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က အမှာစကားပြောကြားပြီး ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းက ရွက်လှေပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့ကြသည့် စပွန်ဆာများအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ၂၀၁၂ ခုနှစ် တတိယအကြိမ်မြောက် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲတွင် တတိယဆုရ Golden Hours အသင်းအား ဒုတိယဥက္ကဋ္ဌ ဦးမျိုးတင်က လည်းကောင်း၊ ဒုတိယဆုရ နဝရတ် အသင်းအား တပ်မတော်(ရေ) လှေလှော်ရွက်တိုက်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး အောင်ဇော်လှိုင်ကလည်းကောင်း၊

ပထမဆုရ ZWC & PP အသင်းအား ဥက္ကဋ္ဌဦးမိုးမြင့်က လည်းကောင်း (အောက်ဝဲပုံ)၊ ၂၀၁၂ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ရွက်လှေပြိုင်ပွဲတွင် Optimict Class ဆုရရှိသူများအား ဗိုလ်မှူးအောင်နေမျိုးက လည်းကောင်း၊ Sharpie Class ဆုရရှိသူများကို ဗိုလ်မှူးချုပ်တင်အောင်ဆန်းကလည်းကောင်း၊ Int' L 420 Class, Rs one Class, Rater Class တွင် ဆုရရှိသူများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လည်းကောင်း၊ Triathlon ဆုရရှိသူများကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီကလည်းကောင်း ပေးအပ်ချီးမြှင့်ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ဆုချီးမြှင့်

၂၀၁၂ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် (၁၇)ကြိမ်မြောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲဆုပေးပွဲကို ဇွန် ၃၀ ရက်ကကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆုလေးဆု ဆွတ်ခူးခဲ့သော ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

○ *ကျောဖုံးမှ*

သီပေါမှ (၂၂)မိုင် ကွာဝေးသည်။ နမ့်ယမ်းနာနတ်ဟုအမည် ခေါ်တွင်သော်လည်း အမှန်တကယ် စိုက်ပျိုးထွက်ရှိရာမှာ နမ့်ယမ်းဒိုင်တွင်မန်ဝပ်၊ ညောင်ထောက်၊ မန့်မိုင်နှင့်ကောင်းဖူးကျေးရွာများမှ အများဆုံးဖြစ်သည်။ မြန်မာနိုင်ငံတွင် ပဲ၊ နှမ်း၊ ပြောင်း၊ ဝါ၊ သီးနှံများကို အလှည့်ကျစိုက်ပျိုးသကဲ့သို့ နမ့်ယမ်းနှင့်ပတ်ဝန်းကျင် ကျေးရွာများမှ တောင်သူများမှာလည်း နာနတ်သီးနှံကို စိုက်ပျိုးသည့်နည်းတူ နာနတ်ခြံထဲတွင် မြေပဲနှင့်နှမ်းကိုပါ ထည့်သွင်းစိုက်ပျိုးကြသည်။

ချိုမြိန်သင်းပျံ့သောရနံ့နှင့်ပြည့်စုံသည့် နာနတ်သီးကို စားသုံးရာတွင် ကောင်းမွန်ထူးကဲသောအရသာကို ခံစားရသော်ငြားလည်း အဆိုပါသီးနှံကို စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်ရာတွင် အလွန်လက်ဝင်ပြီး အသေးစိတ်နိုင်လှသည်။ အချို့နာနတ်တောင်သူများ နာနတ်သီးပေါ်တွင် ပေါ်ပေါက်နေသောအပင်ကို ချိုးဖဲ့၍ စိုက်ကြသည်။ ထိုသို့စိုက်ပျိုးခြင်းမှာ အသီးသီးရန်အချိန်ကြာမြင့်ပြီး စိုက်ပျိုးတိုင်းလည်း ရှင်သန်မှုမရှိသဖြင့် ၎င်းစိုက်နည်းကို အသုံးမပြုကြတော့ဘဲ နာနတ်သီးနှင့်အတူဘေးမှ အညှောင့်သဖွယ်ပေါက်နေသော အတက်ငယ်လေးများကို ယူ၍ စိုက်ပျိုးကြသည်။ နာနတ်ပင်တစ်ပင်တွင် အတက်နှစ်တက်မှ လေးတက်အထိရှိတတ်ပေရာ ထိုအတက်ကလေးများကိုချိုး၍ အပင်ခွဲ(ပျိုးပင်)အဖြစ်အသစ်ပြန်စိုက်ကြရသည်။ ထိုကဲ့သို့ စိုက်ပျိုးသောအပင်မှ ရက်သတ္တနှစ်ပတ်ကြာသောအခါ၌ အသီးသီးပြီး အသီးမှာလည်း ကြီးထွားဖွံ့ဖြိုးလာသည်ကို တွေ့ရသည်။

နာနတ်သီးနှံကို စိုက်ပျိုးတော့မည်ဆိုပါက ဦးစွာပထမ ခြံမြေနေရာကွက်ကို မီးရှို့ရှင်းလင်းရသည်။ ထို့နောက် တောင်ယာစပါးကိုတစ်နှစ် သို့မဟုတ် နှစ်နှစ်အထိ စိုက်ပျိုးပြီးမှသာ နာနတ်ခြံအဖြစ် ပြုလုပ်ရသည်။ နာနတ်သီးနှံသည် သန့်ရှင်းပြီး ပေါင်းမြက်ကင်းစင်ပါမှ အောင်မြင်ဖြစ်ထွန်းမည်ဖြစ်သဖြင့် တောင်ယာစိုက်ပျိုးပြီးမှ နာနတ်ခြံပြုလုပ်ကြခြင်းဖြစ်သည်။ အချို့သော တောင်သူများအနေဖြင့် တောင်ယာစပါးမထည့်တော့ဘဲ ချက်ချင်းဆိုသလို နာနတ်ခြံပြုလုပ်ကြသည်။ ထိုသို့ပြုလုပ်ပါက စပါးသီးနှံစိုက်သကဲ့သို့ စိုက်ခင်းကိုတမန်းညက်အောင် ထယ်ထိုးထွန်မွှေပြီး မီးပြန်ရှို့ရသည်။ မီးရှို့ပြီးပါက မြောင်းပေါင်ကို တည့်တည့်မတ်မတ်တူးပြီး ပျိုးပင်စိုက်ရန် တစ်ပင်နှင့်တစ်ပင် နှစ်ပေခွဲအကွာမြေကျင်းတူးရသည်။ ထိုသို့တူးပြီးမှ နာနတ်ပင်စိုက်ရန်အသင့်ဖြစ်သည့် စိုက်ခင်းတစ်ခုဖြစ်လာသည်။

နာနတ်မျိုးပင်များမြေမချမီ သဘာဝမြေဩဇာ (နောက်ချေး)နှင့်တွင်းအောင်းပိုးများမဖျက်ဆီးနိုင်ရန်ပိုးသတ်ဆေးနှင့် ရောနှောကာမြေနှပ်ထားရသည်။ သို့မှသာ နောင်နှစ် အသီးသီးချိန်တွင် အသီးများကြီးထွားဖွံ့ဖြိုးလာမည်ဖြစ်သည်။ ဤသို့ ပြုစုစောင့်ရှောက်ရုံဖြင့် နာနတ်ခြံမှာ ငွေပင်ဖြစ်မလာသေးပေ။ တစ်လနှစ်ကြိမ်ခန့် ပေါင်းရှင်းပေးရသည်။ ပေါင်းမြက်ရှိပါက အသီးမသီးဘဲ အထွက်နှုန်းကျဆင်းနိုင်သည်။

ယခုအချိန်တွင် နာနတ်တောင်သူများသည် နံနက် နေထွက်မှ နေဝင်ချိန်အထိ ခြံထဲတွင် တကုပ်ကုပ်နှင့် ပေါင်းရှင်းမြေတောင်မြှောက်ခြင်းတို့အပြင် လိုအပ်ပါက ပိုးသတ်ဆေးဖျန်းလုပ်ငန်းကိုလည်း ဆောင်ရွက်ရသေးသည်။ ခြံတောင်သူတို့ ဝမ်းမြောက်ရွှင်လန်းရမည့်အချိန်ကာလမှာ ဇွန်၊ ဇူလိုင်လများဖြစ်ပြီး အသီးများ လှိုင်စပြုလာပြီဖြစ်သဖြင့် တစ်နှစ်ပတ်လုံး ပင်ပန်းသမျှ စိတ်အေးနိုင်တော့သည်။ နာနတ်သီးဈေးနှုန်းမှာ ၁၀၀ လျှင် ငွေကျပ် ၄၅၀၀၀ မှ ၅၀၀၀၀ အထိရှိသည်။

နာနတ်သီးကို အကြီး၊ အလတ်၊ အသေးသုံးမျိုးခွဲပြီးထားရှိသည်။ ဒေသ၏ထူးခြားချက်မှာ နာနတ်သီးကို အလုံးလှ၍ ကြီး၍ဟုဆိုပြီး အလုံးကိုကြည့်မရောင်းဘဲ လုံးပတ်ကို အထွာနှင့်ထွာ၍ နှစ်ထွာကျော်လျှင်တစ်ဈေး၊ နှစ်ထွာအောက်ငယ်သောအလုံးကို တစ်ဈေးထားကာ ရောင်းချကြသည်။ ယခုကဲ့သို့ နာနတ်ပေါ်ချိန်တွင် ကုန်သည်ပွဲစားများအလုပ်များချိန်ဖြစ်ပေရာ ကျေးရွာရှိခြံများသို့အရောက် ကိုယ်တိုင် သွားဝယ်သည့်သူများရှိသလို မြို့ပေါ်ရောက်မှ စောင့်ဝယ်သောကုန်သည်များလည်းရှိသည်။ ရန်ကုန်၊ မန္တလေး ပြည်မဒေသမှ ကုန်သည်ကြီးများကလည်း နာနတ်သီး မဆွတ်ခူးခင် ခြံအလိုက်ဝယ်သူများရှိသကဲ့သို့ အချို့ခြံရှင်များမှာ ရန်ကုန်၊ မန္တလေးမြို့များသို့ ကားဖြင့် တိုက်ရိုက်တင်ပို့သည်များလည်းရှိသည်။

နာနတ်သီးတွင် ဗီတာမင်စီဓာတ်လည်း မြောက်မြားစွာ ပါဝင်နေရာ သွားဖုံးနှင့် အရိုးများ ခိုင်မာစေခြင်း၊ အသားအရေစိုပြည်လာခြင်း အကျိုးကို ရရှိစေသည်။ ထို့အပြင် နာနတ်သီးတွင် ကိုယ်ခန္ဓာ ကြီးထွားသန်မာစေသော သိုင်ယာမင်(ခေါ်)ဘီ(၁)ဓာတ်လည်း များစွာပါဝင်ပေသည်။ ၎င်းဓာတ် ချို့ယွင်းပါက စိတ်ညစ်၊ စိတ်တိုတတ်ခြင်း၊ ကြောက်အားပိုခြင်း၊ ခံတွင်းပျက်၊ ခေါင်းကိုက်ခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း စသည့်ရောဂါဝေဒနာများခံစားရခြင်းကြောင့် နာနတ်သီးကို စားသုံးခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပေသည်။

သင်းပျံ့မွှေးကြိုင်ပြီး လူအများ နှစ်ခြိုက်စွာ စားသုံးလျက်ရှိသည့်အပြင် အာဟာရဓာတ်များနှင့်လည်း ပြည့်စုံကြွယ်ဝသော နာနတ်သီးများကို တစ်နှစ်ထက်တစ်နှစ် နာနတ်တောင်သူများက တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ဝင်ငွေကောင်းလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

စိုင်းသာလှိုင်(လိမ္မော်မြေ)

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများ ပေးအပ်

နေပြည်တော် ဇူလိုင် ၁

ရခိုင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ပြည်သူများ လတ်တလောရပ်တည်နိုင်ရေးအတွက် အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန (ရုံးချုပ်)၌ လာရောက်လှူဒါန်းလျက်ရှိသည်။

လှူဒါန်း

ယနေ့ မွန်းလွဲ ၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညိမ်းညိမ်းမြင့်နှင့် ၂၀၀၄ ခုနှစ် လုပ်ငန်းခွင်ဝင်သူငယ်ချင်းများက ငွေကျပ်သုံးသိန်းနှင့် ငွေကျပ် လေးသိန်း တစ်သောင်း ငါးထောင့်လေးရာ ခုနစ်ဆယ်တန်ဖိုးရှိ ဆေးမျိုးစုံ၊ စားသောက်ကုန်မျိုးစုံနှင့် အဝတ်အထည်မျိုးစုံတို့ကို လာရောက်လှူဒါန်းကြရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ခံကြပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင်ကြားထူးချွန်စာသင်ကျောင်းများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၁ ရက်က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ သာသနာ့ဗိမာန်၌ ကျင်းပရာ ပညာရည်ချွန်ဆုပေးပွဲတွင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးက ငါးဘာသာဂုဏ်ထူးရှင် မကြည်ကြည်နိုင်အား ဂုဏ်ပြုလည်ဆွဲနှင့် ငွေကျပ် ၃၀၀၀၀၀ ကို ဂုဏ်ပြုချီးမြှင့်စဉ်။ (ဝ၂၁)

သံလွင်ဦးမှာ ဖူးတဲ့ပန်း

မြင့်စိုး(နှတလ)

* မြစ်သံလွင် ကမ်းနဖူးမှာတဲ့
ပန်းဦးတဝေဝေပေါ့
နောင်ညီဆွေ အမြင်သစ်တွေနဲ့
ကြင်ချစ်စွာ ညီညွတ်ပန်းရယ်ကြောင့်
ရှမ်းမြေမြင့် အလှစုံ
နတ်ဘုံတမျှ ထင်မိမှား။

* လှမ်းခဲ့ပါဆွေ
ပန်းနွဲ့ညှာ အတူခြွေလို့
သံလွင်ရေ အတူသောက်စို့ရဲ့
တစ်ယောက်လက်တစ်ယောက်ထွေး
မပျောက်ပျက် အချစ်သွေးတွေနဲ့
ချစ်တေးဆို ညီညာလှမ်းကြမယ်
ပန်းချစ်သူများ။ ။

MTA အဖွဲ့ကြီး အကြွင်းမဲ့ လက်နက်စွန့်အပြီး ၁၉၉၆ ခုနှစ်မှာ ကျွန်တော် ဟိုမိန်းမြို့ကို သွားရောက် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဟိုမိန်းကနေ တာဆွတ်တိန်းကူးတို့ဆိပ်၊ မယိုးယံစခန်း၊ တာအွန်မှု ကူးတို့ဆိပ်တွေကို ရိက္ခာဆန်များ သယ်ယူရေး၊ 2KR အစီအစဉ်ကနေရရှိတဲ့ ဓာတ်မြေဩဇာအိတ်များသယ်ယူရေး၊ နိုင်ငံတော်အကြီးအကဲတွေရဲ့ လမ်းညွှန်ချက်နဲ့ အညီ ဟိုမိန်းဒေသမှာ စံပြစပါးစိုက်ခင်းတွေ စိုက်ပျိုးဖို့ ရုံးချုပ်ကပေးပို့လိုက်တဲ့ လက်တွန်းလယ်ထွန်စက်များသယ်ယူရေး စတဲ့ကိစ္စရပ်တွေကို စီစဉ်ဆောင်ရွက်ခဲ့ရပါတယ်။

မယိုးယံတပ်စခန်းမှာ တပ်ရင်းမှူးတာဝန်ထမ်းဆောင်နေသော ဒုတိယဗိုလ်မှူးကြီး အုန်းမောင် (ကဗျာစာဆိုဆရာမြင်းမူ မောင်နိုင်မိုး)နဲ့ ခင်မင်ရင်းနှီးခဲ့ပါတယ်။ ဟိုမိန်းဒေသကအပြန် ရုံးချုပ်မှာ တာဝန်ထမ်းဆောင်ရင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားအထူးဒေသ(၄)နယ်မြေနဲ့ ပတ်သက်တဲ့ ၁၀ မိနစ်စာ ရုပ်မြင်သံကြားအစီအစဉ်လေးတစ်ခုကို မြန်မာ့ရုပ်မြင်သံကြားမှာ တည်းဖြတ်ထုတ်လွှင့် တင်ဆက်ခွင့်ရခဲ့ပါတယ်။ အဲဒီအစီအစဉ်လေးရဲ့ ခေါင်းစဉ်အမည်က "သံလွင်ဦးမှာဖူးတဲ့ပန်း"။ အစီအစဉ်ပြီးဆုံးခါနီးမှာ ကဗျာလေးတစ်ပုဒ်နဲ့တင်ပြီး လွှတ်လိုက်ချင်တာကြောင့် ဆရာမြင်းမူမောင်နိုင်မိုးထံ အပူကပ်လိုက်တဲ့အခါမှာ အထက်က ကဗျာလေးကို လက်ဆောင်ရရှိခဲ့ပါတယ်။

အချိန်ကာလအားဖြင့် ၁၉၉၈ ခုနှစ် ဝန်းကျင်လောက်က အဲ့ဒီအချိန်ကာလမှာ မိုင်းလားအထူးဒေသ(၄)ရဲ့ အနေအထားက ငြိမ်းချမ်းရေးရယူပြီး ကိုးနှစ်တာကာလထဲကို ဝင်ရောက်ခဲ့ပါပြီ။ ယခင် မိုင်းလားကျေးရွာဆိုတဲ့နေရာမှာ မိုင်းလားမြို့ကြီးအသွင် တစ်မုဟုတ်ချင်းပြောင်းလဲနေပါပြီ။ ဒွေနာဂရ ရွှေစေတီ၊ ငြိမ်းချမ်းရေးစေတီ၊ နဂါးဖြူစေတီ၊ ဗုဒ္ဓဝင်ပြခန်း စတာတွေနဲ့ သာသနာရောင်ဝါထွန်းလင်းတောက်ပခဲ့ပါပြီ။ လျောင်းတော်မူ ပန်းဥယျာဉ်ဟာလည်း အထင်အရှားဖြစ်ခဲ့ပါပြီ။ မိုင်းလားဟိုတယ်အပါအဝင် အပန်းဖြေဟိုတယ်ကြီးများ၊ ကျောက်မျက်ရတနာအရောင်းပြခန်းများ၊ ကြယ်လင်းရောင်ပုံနှိပ်တိုက်၊ မိုင်းလားသတင်းစာတိုက်၊ မိုင်းလား ရေအားလျှပ်စစ်စက်ရုံ၊ ပြည်သူ့အားကစားကွင်း စသည်တို့က မြို့ကျက်သရေဆောင်များအဖြစ် ရပ်တည်လို့နေပါပြီ။ နမ့်ပန်ရေအားလျှပ်စစ်စက်ရုံနှင့် ဝမ်တုံဆည်တို့မှာ ထိုအချိန်က တည်ဆောက်ဆဲကာလ ဖြစ်ပါတယ်။ ၁၉၉၀-၁၉၉၁ အချိန်လောက်တုန်းက မိုင်းလားဒေသကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းတွေ ရောက်ရှိသွားတုန်း အထူးဒေသ(၄) တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းလင်းနှင့်အတူ ချောင်းကူးဝါးတံတားလေးပေါ်မှာ ဖြတ်ကျော်နေကြတဲ့ မှတ်တမ်းဓာတ်ပုံတစ်ပုံ ကျွန်တော် သိမ်းဆည်းထားခဲ့ပါတယ်။ အခုတော့ အဲ့ဒီတံတားလေးနေရာမှာ ရွှေပြည်တံတားလို့ခေါ်တဲ့ ငြိမ်းချမ်းရေးတံတားကြီး တစ်စင်း ဝပ်စင်းတည်ရှိနေပြီဆိုတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားဒေသအနေနဲ့ အခြားသော ငြိမ်းချမ်းရေးအဖွဲ့အစည်းများ တည်ရှိရာဒေသများထက် ရေခံမြေခံပဲကောင်းနေလို့လား၊ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ပထဝီအနေအထားတွေကပဲ ဖေးမနေသလား၊ ဒါမှမဟုတ် ဦးဆောင်ဦးရွက်ပြုသူ တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ ကြိုးပမ်းအားထုတ်မှုစွမ်းဆောင်ရည်တွေ ကောင်းလို့ပဲလားမသိ၊ ၁၉၈၉ ခုနှစ်မှာ သန္ဓေတည်မွေးဖွားလာတဲ့ မိုင်းလားဟာ လူလားမြောက်မြန်လွန်းလှတယ်လို့ တင်စားပြောဆိုရမလို ဖြစ်ခဲ့ပါတယ်။

အဲ့ဒီအချိန်မှာ အထူးခြားဆုံးကတော့ မူးယစ်ဆေးဝါးကင်းစင်ပြီး ဘိန်းပပျောက်သည့်ဒေသအဖြစ် ၁၉၉၇ ခုနှစ် ဧပြီ ၂၂ ရက်မှာ ကမ္ဘာသိကြေညာနိုင်ခဲ့ခြင်းပါပဲ။ မိုင်းလားအထူးဒေသ(၄)နယ်မြေ ဘိန်းပပျောက်သည့် အထိမ်းအမှတ်ပြတိုက်ကိုလည်း ဖွင့်လှစ်ထားရှိပြီး စံနမူနာပြ ရပ်တည်လာနိုင်ခဲ့ပါတယ်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများအနေနဲ့ ၁၉၈၉-၉၀ ခုနှစ်ကစပြီး ဝင်ရောက်အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာမှာယနေ့အချိန်အထိမြေလမ်း(၉၆/၅)မိုင်၊ ကျောက်လမ်း (၃၂/၁)မိုင်၊ ကတ္တရာလမ်း (၅/၀)မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း(၂၅၆/၀)မိုင်၊ တံတားကြီးတစ်စင်း၊ တံတားငယ် ၁၂ စင်း၊ ခုတင်(၅၀)ဆံ့ဆေးရုံ တစ်ရုံ၊ (၁၆)ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ နှစ်ခု၊ အထက တစ်ကျောင်း၊ အလက တစ်ကျောင်း၊ အမက ၁၂ ကျောင်း၊ (၅၀)ဝပ် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ တစ်ရုံ၊ စာတိုက်တစ်ခု၊ ကြေးနန်းရုံးတစ်ရုံး၊ တယ်လီဖုန်းလုပ်ငန်း တစ်ခု၊ သာသနိကအဆောက်အအုံနှစ်ခု တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသစ်လက်ထက်မှာ လက်ရှိတိုင်းရင်းသားအဖွဲ့အစည်းများနဲ့ ထာဝရငြိမ်းချမ်းရေးရသည်အထိ အန္တိမရည်မှန်းချက်ပန်းတိုင် မျှော်မှန်းထားရှိ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် မိုင်းလား အထူးဒေသ(၄)အဖွဲ့နဲ့လည်း ပြည်နယ်အဆင့်တွေ့ဆုံဆွေးနွေးမှုတစ်ကြိမ်၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုနှစ်ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ ၉-၃-၂၀၁၂ ရက်နေ့မှ ၁၁-၃-၂၀၁၂ ရက်နေ့အထိ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရီးစဉ်မှာ မိုင်းလားအထူးဒေသ(၄)နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ချက်များစွာ ချမှတ်ပေးခဲ့ရာ ဝန်ကြီးဌာနအသီးသီးဟာ လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော် လိုက်နာဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးရဲ့ ၁၁-၅-၂၀၁၂ ရက်နေ့ မိုင်းလားဒေသ ခရီးစဉ်မှာ အထူးဒေသ(၄) တိုင်းရင်းသားခေါင်းဆောင် ဦးစိုင်းလင်းကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစံပေ့၊ ဦးစံလူ၊ ဦးထိန်လင်းတို့နဲ့ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးခရီးစဉ်ရဲ့ အဓိကရည်မှန်းချက်ကတော့ ရရှိပြီးဖြစ်သော ငြိမ်းချမ်းရေး ပိုမိုခိုင်မြဲတိုးတက်စေရေးအတွက် ရင်းနှီးစွာ ထိတွေ့ဆက်ဆံရန်နှင့် ဒေသ၏ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ပိုမိုဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ရန် အလို့ငှာ သွားရောက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးက အပြန်အလှန် ယုံကြည်မှုပေါ်အခြေပြု၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ရာမှာ နိုင်ငံတော်အပိုင်းက ကူညီထောက်ပံ့ပေးရေးကိစ္စရပ်များ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် လက်ရှိဆေးရုံမှာ ဆေးရုံသုံး ပစ္စည်းများ၊ ဆေးဝါးများ ပြည့်စုံစွာရရှိရေး၊ အထူးဒေသ(၄) အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှု သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့် ဘိန်းပပျောက်သည့် အထိမ်းအမှတ်ပြတိုက်ကို ရေရှည်တည်တံ့အောင် ပြင်ဆင်ဆောင်ရွက်သွားရေး တိုက်တွန်းမှာကြားခဲ့ပါတယ်။

အထူးဒေသ(၄)အဖွဲ့ကလည်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို တက်တက်ကြွကြွ ပြန်လည်ညှိနှိုင်းဆွေးနွေးရာမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ရာတွင် နည်းလမ်းနှင့် အကြံဉာဏ်များရရှိရေး၊ အထူးဒေသ(၄)နယ်မြေ ပညာရေးလုပ်ငန်းများအား တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ပေးရေး၊ ဒေသတွင်းလမ်းများအား အဆင့်မြှင့်တင် ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးပေးရေး၊ ခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိရေးကိစ္စရပ်များကို လည်းကောင်း၊ မိုင်းဝရေအားလျှပ်စစ်စက်ရုံ၊ နမ့်လွေချောင်း ရေအားလျှပ်စစ်စက်ရုံ၊ ဆွတ်လေ့ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပါသည်။ မိုင်းလားအထူးဒေသ(၄) နယ်မြေဟာ တည်ငြိမ်အေးချမ်းမှုရှိပြီး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြန်ဆန်သည့် ဒေသတစ်ခုအဖြစ် ယနေ့ထက်တိုင် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်လျက်ရှိပါတယ်။

"သံလွင်ဦးမှာ ဖူးတဲ့ပန်း" ကဗျာလေးထဲကလို ပန်းနွဲ့ညှာ အတူခြွေရင်း သံလွင်ရေအတူသောက်ခဲ့ကြတဲ့ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှာ ကိုးကန့်၊ 'ဝ'၊ SSA၊ KDA၊ အထူးဒေသ(၄)၊ SSNA၊ MTA စတဲ့တိုင်းရင်းသားအဖွဲ့အစည်းများ ပါဝင်နေပါတယ်။ သံလွင်ရေ အတူသောက်ခဲ့ကြလို့လည်း ရှမ်းပြည်နယ်ကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းမှု အပြည့်အဝရရှိခဲ့ခြင်း ဖြစ်ပါတယ်။ အခြားအခြားသော တိုင်းရင်းသားညီနောင်အဖွဲ့များနည်းတူ တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းစောင့်ရှောက်ရင်း နိုင်ငံ့အကျိုး၊ ဒေသအကျိုးအတွက် မိုင်းလားအထူးဒေသ(၄) အနေနဲ့ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မယ်လို့ ယုံကြည်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

တစ်ပတ်အတွင်း ဟံသာဝတီကားဈေးကွက်

သတင်းဓာတ်ပုံ-(အဝယ်တော်ဖိုးထော်)

ယခုအခါ မော်တော်ကားဈေးကွက်တွင် ဈေးနှုန်းများကျဆင်းလာလျက်ရှိရာ ဝယ်သူများကလည်း ကားဈေးအကျကိုစောင့်လျက် ဝယ်ယူနိုင်ရေး စိုင်းပြင်းလျက်ရှိကြသည်။ အချို့ကလည်း ကားဟောင်းကိုအပ်ပြီး ရရှိသည့်ကားစလစ်ကို ကိုင်ကာ စလစ်ကိုပဲ ရောင်းရမလား၊ Show Room မှာ ကားပဲဝယ်ရမလား၊ ပြည်ပကကားပဲ မှာရမလား ချင့်ချိန်နေကြသည်။ မည်သို့ပင်ဖြစ်စေ ရန်ကုန်မြို့၏ နာမည်ကြီးကားပွဲစားတန်းဖြစ်သည့် ဟံသာဝတီကားဈေးကွက်မှာတော့ လှုပ်လိုက်၊ ငြိမ်လိုက်ဖြစ်နေသည်။

သို့နှင့် စာရေးသူ ဟံသာဝတီကားဝင်းအတွင်း ရောက်ရှိခဲ့ပြီး ပြီးခဲ့သည့် ဇွန် ၂၅ ရက်မှ ယနေ့ ဇူလိုင် ၁ ရက်အတွင်း အရောင်းအဝယ်ရှိခဲ့သော ကားဈေးနှုန်းအချို့ကို ဝင်းအတွင်းမှ ဝါရင့် ကားအကျိုးတော်ဆောင်ကြီးတစ်ဦးနှင့် တွေ့ဆုံ၍ မေးမြန်းရေးသားဖော်ပြလိုက်ပါသည်။

ဝယ်သူ၊ ရောင်းသူ ကြိုက်ဈေးပေါ်မူတည်၍ အနည်းငယ်ဈေးကွာဟမှုရှိနိုင်ပါသည်။

ကားအမျိုးအမည်	မော်ဒယ်နံပါတ်	ဈေးနှုန်း(သိန်း)	အက္ခရာ
တိုယိုတာမတ်တူး	၂၀၀၂(ဓာတ်ဆီ)	၂၁၀	၅ဃ
တိုယိုတာမတ်တူး	၁၉၉၉(ဓာတ်ဆီ)	၁၆၀	၅ဃ
တိုယိုတာမတ်တူး	၁၉၉၂(ဒီဇယ်)	၁၀၀	၁ခ
တိုယိုတာကာဒီးနား (ကြက်တူရွေး)	၂၀၀၀(ဓာတ်ဆီ)	၁၆၀	၅ဃ
တိုယိုတာကာဒီးနား(စက်ရုပ်)	၂၀၀၀(ဒီဇယ်)	၂၁၀	၅ဃ
ကိုရိုလာ(ဖင်ကောက်)	၂၀၀၁(ဒီဇယ်)	၂၂၀	၅ဃ
ကိုရိုလာ(ဖင်ကောက်)	၁၉၉၉(ဒီဇယ်)	၂၀၀	၅ဃ
ကိုရိုလာ(ဖင်ကောက်)	၁၉၉၂(ဒီဇယ်)	၁၂၀	၈က
ကိုရိုလာ RAY-4	၂၀၀၂(ဓာတ်ဆီ)	၂၃၀	၅ဃ
ကိုရိုလာ RAY-4	၂၀၀၀(ဓာတ်ဆီ)	၂၀၀	၅ဃ
ကိုရိုလာ RAY-4	၁၉၉၉(ဓာတ်ဆီ)	၁၆၅	၂ဃ
ဆူဇူကီး R+	၂၀၀၇(ဓာတ်ဆီ)	၁၂၀	၃ဂ
ဆူဇူကီး R+	၂၀၀၅(ဓာတ်ဆီ)	၉၀	၆ခ
ကိုရိုလာလီမိတက်(SE)	၁၉၉၀(ဓာတ်ဆီ)	၁၁၀	၅ဂ
ကိုရိုလာလီမိတက်(SE)	၁၉၈၈(ဓာတ်ဆီ)	၉၀	၆က
ကိုရိုလာ CE, 96	၁၉၉၀(ဒီဇယ်)	၉၀	၈က
ပါရာဒို TX	၁၉၉၇(ဒီဇယ်)	၂၉၀	၅ဃ
ပါရာဒို TZ	၁၉၉၇(ဒီဇယ်)	၃၃၀	၅ဃ
ဇူလိုင် ၁ ရက်	ကားပါမစ်စလစ်ဈေး	၅၀	

ဟံသာဝတီကားဈေးကွက်အတွင်း ရောင်းရန်ပြထားသော ကားအသစ်များ။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက် (အဖိတ်နေ့) ၂-၇-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၇း၄၅ သံသာချိုအေးမင်္ဂလာတေး
၈း၄၀ International News

ညပိုင်း

၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
၄း၂၀ အတီးပြိုင်ပွဲ
၄း၃၅ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
-ပထမနှစ် (အိမ်တွင်းစီးပွားရေး အထူးပြု)(အိမ်တွင်းစီးပွား)
၅း၀၀ တေးဂီတအစီအစဉ်
၆း၀၀ ညနေခင်းသတင်း
၈း၀၀ ပြည်တွင်းသတင်း
-နိုင်ငံတကာသတင်းများ
-မိုးလေဝသအခြေအနေ

မကွေးဇုန် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲနှင့် မကွေးပညာရေးကောလိပ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဇွန် ၂၉ ရက် မွန်းလွဲ ၂ နာရီက မကွေးမြို့ မိုးလုံလေလုံ အားကစားခန်းမ၌ကျင်းပသော မကွေးဇုန်တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲသို့တက်ရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် မကွေးပညာရေးကောလိပ်၌ ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်၍ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား ပျိုးပင်များ ပေးအပ်ကြပြီး ယင်းမာပင်ကို စိုက်ပျိုးပေးသည်။

ယင်းနောက် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ပန်းအလှပင်များ၊ ကျွန်း၊ ရင်းမာ၊ တမာ၊ စိန်ပန်း၊ ခရေ၊ ကုက္ကို၊ မာတာကွတ်နှင့် ယူကလစ် စုစုပေါင်းအပင် ၁၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မကွေးပညာရေးကောလိပ် အားကစားခန်းမ၌ ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာ စွမ်းရည်ပြမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မကွေးမြို့ တောင်တွင်းလမ်းရှိ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ တန် ၃၀ ကျ ဆီစက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ဟန်နားကျေးရွာအုပ်စု ပြည်သူများအား မိုးပွင့်အဆင့်(၃) စီမံချက်အရ မြို့နယ်ဦးစီးဌာနမှူး ဦးလှဌေးနှင့်ဝန်ထမ်းများ ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဇွန် ၂၂ ရက်က ရှမ်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံမင်း တာဝန်ရှိသူတစ်ဦးထံ ပေးအပ်စဉ်။ (မြို့နယ်လဝက)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ပုသိမ်တက္ကသိုလ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ပုသိမ် ဇူလိုင် ၁

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၂၉ ရက်က ပုသိမ်တက္ကသိုလ်၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက က လူမှုရေးအသင်းအဖွဲ့များသို့ ပျိုးပင်များပေးအပ်ပြီးနောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုသိမ်တက္ကသိုလ်မှ ဆရာမများ၊ ဌာနဆိုင်ရာအမျိုးသမီးများ စုစုပေါင်းအင်အား ၃၆၀ နှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ ကံ့ကော်၊ ခရေ၊ ပုန်းညက်၊ စိန်ပန်း၊ မဟော်ဂနီ၊ ပိတောက်ပျိုးပင် စုစုပေါင်း ၇၂၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်းသိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ်သစ်တော)**

သာသနာ့ရက္ခိတကျောင်းတိုက် နှစ်ထပ်ကျောင်းဆောင်သစ် စဉ့်ကူးမြို့နယ်၌ ရေစက်ချလှူဒါန်း

စဉ့်ကူး ဇူလိုင် ၁

စဉ့်ကူးမြို့ အမှတ်(၁) သီလရပ်ကွက် သာသနာ့ရက္ခိတကျောင်းတိုက် ရတနာမာန်အောင် ပဋ္ဌသီလနှစ်ထပ်ကျောင်းဆောင်သစ်ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းဆောင်သစ်၌ ကျင်းပသည်။

အခမ်းအနားတွင် ညွှဲ့ပရိသတ်အပေါင်းတို့က ကျောက်မြောင်းမြို့ သုခသမ္ပတ္တိမင်္ဂလာတပ်ဦးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုဒဿန အရှင်မြတ်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်ကြသည်။

တရားနာယူ

ထို့နောက် ဘဒ္ဒန္တသုဒဿန အရှင်မြတ်ထံမှ အနုမောဒနာတရားနာယူခဲ့ကြကြောင်း သိရှိရသည်။ (၄၃၃)

ချောက်မြို့နယ်၌ တစ်ရွာတစ်ဧက သစ်ပင်စိုက်ပျိုး

ချောက် ဇူလိုင် ၁

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ချောက်မြို့နယ် ဇီးပွားကျေးရွာအုပ်စု ဇီးပွားကျေးရွာ မကွေး-မန္တလေးကားလမ်း မိုင်တိုင်၃၈၈/၅၌ ၂၀၁၂ ခုနှစ် မိုးရာသီ ကျေးရွာပိုင်တစ်ဧက သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၁ရက် နံနက် ၈နာရီက ကျင်းပရာ မကွေးခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ကျော်လင်း၊ ချောက်မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိန်မောင်နှင့်ဝန်ထမ်းများ ကျေးရွာပြည်သူများက ယင်းမာပင် ၂၀၀၊ တမာပင်၂၀၀၊ မြန်မာရှားပင်၂၀၀ စုစုပေါင်း အပင် ၆၀၀တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်သစ်တော)

မိုးရာသီဘဏ်ချေးငွေ ထုတ်ချေးရန်ဆွေးနွေး

ကျုံပျော် ဇူလိုင် ၁

ကျုံပျော်မြို့ ရောမင်းခန်းမ၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၂ ခုနှစ် သီးနှံထုတ်လုပ်မှု မိုးရာသီဘဏ်ချေးငွေထုတ်ချေးရန် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၂၇ ရက် နံနက် ၁၁ နာရီက ကျင်းပရာ ၂၀၁၂ ခုနှစ် သီးနှံထုတ်လုပ်မှု မိုးရာသီဘဏ်ချေးငွေထုတ်ချေးရန်အတွက် စည်းကမ်းချက်များ၊ ဆောင်ရွက်ရမည့်အချက်များနှင့် ပတ်သက်၍ တက်ရောက်လာကြသူများက ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)** ကျုံပျော်မြို့နယ်တွင် ၂၀၁၂ ခုနှစ် မိုးရာသီဘဏ်ချေးငွေကို ဇွန် ၁၅ ရက်က စတင် ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)**

ကျေးလက်တိရစ္ဆာန် ကျန်းမာရေးလုပ်သား သင်တန်းဖွင့်

မိုးကောင်း ဇူလိုင် ၁

ကျေးလက်တိရစ္ဆာန်ကျန်းမာရေး လုပ်သားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။ သင်တန်းဖွင့်ပွဲတွင် ဒေါက်တာခင်မောင်မြင့်က တိရစ္ဆာန်ကျန်းမာရေးနှင့်ပတ်သက်၍ဆွေးနွေးပြောကြားပြီး ဒေါက်တာဇော်နိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းကို ဇွန်၂၅ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်ခဲ့ရာ ကျေးရွာ၁၀ရွာမှသင်တန်းသားများ တက်ရောက်ကြပြီး ဒေါက်တာခင်မောင်မြင့်၊ဒေါက်တာဇော်နိုင်၊ ဒေါက်တာ ဒေါ်ထိုက်ထိုက်ကျော်တို့က သင်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်တိမွေးကု)**

သီရိမင်္ဂလာဈေးကြီးမှ ရာသီကုန်စည်များ

သတင်းနှင့် ဓာတ်ပုံ
တင်ဝင်းလေး-ကြည့်မြင်တိုင်

ရန်ကုန် ဇူလိုင် ၁

မရောက်သည်မှာ ကြာပြီဖြစ်သည့် လှိုင်မြို့နယ် သီရိမင်္ဂလာဈေးကြီးဆီသို့ ရောက်ခဲ့ပြန်ပါသည်။ တစ်ညလုံး အရောင်းအဝယ်စည်ကားသည့် ဈေးကြီးဖြစ်သည့်အတိုင်း ညနေ ၆ နာရီ နေခြည်ဖျော့ဖျော့မှာ ဈေးဝယ်သူ ဈေးခေါ်သူတို့ဖြင့် စည်ကားလျက်ရှိနေသည်ကို တွေ့ရသည်။

ဈေးကြီးအဝင် ကားရပ်နားဝင်း၌ ရှမ်းပြည်နယ်မှ ဝင်ရောက်လာသော ပန်းဂေါ်ဖီထုပ်များ၊ ဂေါ်ဖီထုပ်တင်ကားကြီးများက အစီး ၂၀ ခန့် ရပ်တန့်လျက် အရောင်းအဝယ်ပြုနေကြသည်။

ယခုအခါ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်မှ ဂေါ်ဖီထုပ်များ အဝင်အများဆုံးဖြစ်ကြောင်း သိရသည်။ မေလမှ ဇန်နဝါရီလအထိ မပြတ်စတမ်းဝင်တတ်ပြီး ပုတီးကုန်း၊ ဘိုင်းနား၊ အုတ်ဖို၊ မင်းလှတို့မှ ဂေါ်ဖီထုပ်များမှာ ဆောင်း၌ ဝင်လာတတ်ကြောင်း ဈေးသက်သာသည်ဟု ကုန်စည်ပွဲစားတစ်ဦးက ပြောပြသည်။

ပြင်ဦးလွင်ခရိုင်ထွက် ဂေါ်ဖီထုပ်များအနေဖြင့် အလတ်၊ အကြီးအရွယ်ပေါ်မူတည်၍ ငွေကျပ် ၁၅၀ မှ ၂၅၀ ခန့်ဈေးရှိနေကြောင်း သိခွင့်ရခဲ့သည်။

ရခိုင်တညင်းသီးမှာ ယခု ဇွန်လဆန်းမှ စတင်ဝင်ရောက်တတ်ပြီး ဇူလိုင်လအထိ နှစ်လသာပေါ်သော အသီးဖြစ်ကြောင်း သိရသည်။

စစ်တွေ၊ ရမ်းဗြဲ၊ တောင်ကုတ်မှ တညင်းသီးများအနေဖြင့် ရေလမ်းထက် ကုန်းလမ်းမှ အဝင်များတတ်ပြီး အထူးသဖြင့် ခရီးသည်တင်လိုင်းကားကြီးများဖြင့် ဈေးအရောက်ပို့ပေးတတ်ကြောင်း သိရသည်။

ဈေးအားဖြင့် တစ်တင်းလျှင် ငွေကျပ် ၂၀၀၀၀ ခန့်သာရှိနေပြီး သထုံ၊ ဘီးလင်းမှ တညင်းသီးများဈေးကောင်းရနေကြောင်း၊ တစ်တင်းငွေကျပ် ၃၅၀၀၀၊ ၃၆၀၀၀ ဈေးခေါ်ရောင်းနေကြောင်း ပွဲစားကြီးက ဆိုပါသည်။

ယခုရက်ပိုင်းအတွင်း၌ တညင်းသီးဈေးကွက် ***(အောက်ပုံ)*** *မှာ တစ်နေ့လျှင် ငွေကျပ် ၃၀၀၀မှ ၄၀၀၀ အတွင်း ပြုတ်ကျနေကြောင်းကိုလည်း သိခွင့်ရခဲ့သည်။*

ထိုမှဈေးရုံကြီးတစ်ရုံကိုကျော်၍ ပန်းတန်းအုပ်စုဆီသို့ လှမ်းခဲ့သည်။ ဖြူ၊ နီ၊ ဝါ၊ စိမ်းရောင်စုံသောပန်းများက သူ့ထက်ငါ အလှချင်းပြိုင်နေကြသည့်နှယ် တစ်ဝင်းလုံး ပန်းရနံ့တို့ဖြင့် သင်းထုံနေပါသည်။ ယနေ့ဝယ်သူတို့အကြိုက်ဆုံးနှင့် ရောင်းအားအကောင်းဆုံးသော ပန်းမှာ ပန်းထိမ်ငိုပန်းများဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အနီးဝန်းကျင်တို့မှ ဈေးကြီးအတွင်းသို့ လှိုင်လှိုင်ဝင်သော ပန်းများဖြစ်ပါသည်။ ကားများဖြင့်ပင် တာ(ပုံး)ရိုက်၍အဝင်ရှိသည်။ မေလဆန်းမှ စတင်ဝင်ခဲ့ရာ ဝင်စအချိန်၌ ၁၀ပင်တစ်စည်းလျှင် ငွေကျပ် ၁၈၀၀ ဈေးအထိ ရတတ်ပြီး ယနေ့ပန်းအဝင်လှိုင်သောအချိန်၌ ၁၀ ပင် တစ်စည်းလျှင် ငွေကျပ် ၇၀၀ သာရှိတော့ကြောင်း ပန်းရောင်းသူက ဆိုသည်။

ထို့အတူ ရှိုးပန်းကြီးများမှာလည်း ကြွကြွရွရွလှလှပပနှင့် ပန်းထိမ်ငိုပန်းတို့ကို ပြိုင်နေသည်။ ဈေးကလည်း ကောင်းလှသည်။ ၁၀ပင်တစ်စည်းလျှင် ငွေကျပ် ၁၀၀၀ ဈေးခေါ်ကြသည်။ ဈေးကြီးအတွင်းပန်းဆိုင်ပေါင်း ၄၀၀ နီးပါးရှိရာ ရောင်းသူဝယ်သူတို့ဖြင့် တိုးမပေါက်အောင် ရောင်းအားကောင်းနေမှုကို ယခုအပတ် သီရိမင်္ဂလာဈေးကြီးအတွင်းမှ ရာသီအလိုက်ဈေးကွက်သတင်းတစ်ပုဒ်အဖြစ် တင်ပြလိုက်ရပါသည်။ ။

မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကျင်းပ

မင်းကင်း ဇူလိုင် ၁

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် တောင်အောက်ကျေးရွာ အလင်းရောင်စာကြည့်တိုက်တွင် ဇွန် ၂၅ရက်က ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးကို ရည်ရွယ်၍ နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးဆိုင်ရာတို့ကို ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစန်းအေးက ဟောပြောပြီး ကျေးရွာစာကြည့်တိုက်အတွက် သုတရသ စာအုပ်များ ပေးအပ်လှူဒါန်းသည်။

လေ့လာကြည့်ရှု

ထို့နောက် တက်ရောက်လာကြသော ကျေးရွာပြည်သူများက ပြသထားသော နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြန်မာ့အလင်း
စာတည်းထံပေးစာများ

ပစ္စည်းဟောင်းမှ မကောင်းသောအနံ့ဆိုးများ ကင်းရှင်းစေလို

စာတည်းခင်ဗျား-

စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက် တရုတ်ကျောင်းလမ်း ခြောက်ထပ်ကန်ထရိုက်တိုက် မြေညီထပ်ကားပါကင်တွင် ဒိုင်ဖွင့်လှစ်၍ စက္ကူဟောင်းများ၊ ဘူးခွံများ၊ ဂက်စ်ဘူးခွံများ ဝယ်ယူစုဆောင်းခြင်းကြောင့် မိုးတွင်းအခါ အစိုပြန်၍ မကောင်းသော အနံ့ဆိုးများကို ခံစားရခြင်း၊ ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ်စိုးရိမ်ရခြင်း၊ ဘူးခွံ ထုနှက်သံ နားမခံသာခြင်းတို့ကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **တိုက်ခန်းနေသူများ**

စည်းကမ်းမဲ့အနေ့ယာဉ်များ ကြပ်မတ်ပေးပါ

စာတည်းရှင့်-

လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ရွှေတောင်တန်းလမ်းထိပ်ရှိ အနေ့ယာဉ်မောင်းအချို့သည် ညအချိန်အရက်သေစာသောက်စားပြီး အော်ဟစ်ဆူညံခြင်း၊ လမ်းသွားလမ်းလာမိန်းကလေးများအား လမ်းလျှောက်မရအောင် နှောင့်ယှက်နေခြင်းများကြောင့် အဆိုပါအနေ့ယာဉ်မောင်းများကို သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရွှေတောင်တန်းလမ်းသူ**

ဝက်မွေးမြူခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက် ဓမ္မပါလလမ်း (တောင်ပိုင်း) ရှိ စည်ပင်သာယာမြေအတွင်း ကျူးကျော်ဆောက်လုပ်ထားသော လိုင်စင်မဲ့အရက်ဆိုင်နှင့် လိုင်စင်မဲ့ ဝက်မွေးမြူထားသောအိမ်တို့ကြောင့် ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သား**

မောင်မောင်မြင့်ဆွေ – စုစည်းသည်

၂၀၁၂-၂၀၁၃ ဂျာမန်ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲ ဒေါ့မွန်နဲ့ဝါဒါဘရီမင်တို့ အပြိုင်နွှဲမည်

ဘာလင် ဇူလိုင် ၁

၂၀၁၂-၂၀၁၃ ဘောလုံးရာသီရဲ့ ဂျာမန်ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲကို လာမယ့် ဩဂုတ် ၂၄ ရက်မှာ စတင်ကျင်းပတော့မှာဖြစ်ပါတယ်။ ဂျာမန်ဘွန်ဒက်စ်လီဂါဘောလုံးပွဲစဉ်ဟာ အကြိမ်(၅၀)မြောက် ကျင်းပမယ့် ပြိုင်ပွဲလည်းဖြစ်ပါတယ်။

ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲရဲ့ အဖွင့်ပွဲစဉ်အဖြစ် ပြီးခဲ့တဲ့ဘောလုံးရာသီက ဘွန်ဒက်စ်လီဂါချန်ပီယံဖြစ်တဲ့ ဒေါ့မွန်အသင်းနဲ့ ဝါဒါဘရီမင်အသင်းတို့ **(ဝဲပုံ)** ယှဉ်ပြိုင်ကစားပြီး ၂၀၁၂-၂၀၁၃ ဘောလုံးရာသီရဲ့ ဂျာမန်ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲကန့်လန့်ကာကို ပြိုင်ဆိုင်မှုပြင်းထန်စွာနဲ့ ဖွင့်လှစ်မှာဖြစ်ပါတယ်။

ဂျာမန်ဘွန်ဒက်စ်လီဂါ လက်ရှိချန်ပီယံ ဒေါ့မွန်အသင်းဟာ ပြီးခဲ့တဲ့နှစ် ဘောလုံးရာသီမှာ ပွဲစဉ်ပေါင်း ၃၄ ပွဲကစားခဲ့ပြီး ၂၅ပွဲနိုင်၊ ခြောက်ပွဲသရေ၊ သုံးပွဲရှုံးနဲ့ သွင်းဂိုး ၅၅ ဂိုးသွင်းယူကာ ၈၁ မှတ်နဲ့ ဗိုလ်စွဲခဲ့ခြင်းဖြစ်ပါတယ်။

ပြန်လည်တွေ့ဆုံ

ဂျာမန်ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲရဲ့ အဖွင့်ပွဲစဉ်မှာ ဒေါ့မွန်နဲ့ ဝါဒါဘရီမင်အသင်းတို့ရဲ့ပြိုင်ပွဲဟာ ထူးခြားမှုရှိနေတာ အမှန်ပါပဲ။ ဂျာမန် ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲကို စတင်ကျင်းပခဲ့တဲ့ ၁၉၆၃-၁၉၆၄ ခုနှစ် ပြိုင်ပွဲရဲ့ အဖွင့်ပွဲစဉ်မှာ ဒေါ့မွန်နဲ့ ဝါဒါဘရီမင်အသင်းတို့ စတင်ဆုံတွေ့ပြီးနောက် နှစ်ပေါင်း ၅၀အကြာမှာ ဒီနှစ်သင်း ပထမဆုံးအကြိမ် အဖွင့်ပွဲစဉ်အဖြစ် ပြန်လည်တွေ့ဆုံကြခြင်းပဲဖြစ်ပါတယ်။

ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲရဲ့ အဖွင့်ပွဲစဉ်မှာ ပထမဆုံးဂိုးသွင်းသူကတော့ ဒေါ့မွန်အသင်းက တီမိုကိုနက်ဇကာဖြစ်ပါတယ်။ အဲဒီဂိုးဟာ ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲသမိုင်းမှာ ပထမဆုံးဂိုးအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။

လာမယ့်ဘောလုံးရာသီရဲ့ ဘွန်ဒက်စ်လီဂါအဖွင့်ပွဲစဉ်တွေအဖြစ် ရှော်လ်ကေးနဲ့ ဟန်နိုဗာ၊ မွန်ချန်နဲ့ ဟိုဖန်ဟိန်း၊ စတုဂတ်နဲ့ ဝုဖ်ဘတ်ဂ် အသင်းတို့လည်း ယှဉ်ပြိုင်ကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဟမ်းဘတ်နဲ့နူရင်ဘတ်တို့ယှဉ်ပြိုင်ကစားကြရမှာဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘောလုံးရာသီရဲ့ နောက်ဆုံးပွဲစဉ်(၃၄)ကိုတော့ ၂၀၁၃ ခုနှစ် မေ ၁၈ ရက်မှာကျင်းပပြီး ပိတ်သိမ်းမှာဖြစ်ပါတယ်။ **(အင်တာနက်)**

နိုင်ငံတကာအမျိုးသမီးဘော်လီဘောပြိုင်ပွဲ တရုတ်တို့လက်စွမ်းပြပြီး သုံးပွဲပြတ်နိုင်ပွဲရ

နန်ဘို ဇူလိုင် ၁

တရုတ်နိုင်ငံ ကျီကျင်းပြည်နယ် နန်ဘိုမြို့၌ကျင်းပလျက်ရှိသော နိုင်ငံတကာအမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇွန် ၂၉ ရက်က ဆက်လက်ကျင်းပရာ တရုတ်အမျိုးသမီးဘော်လီဘောအသင်းက လက်စွမ်းပြကာ ကျူးဘားအသင်းကို သုံးပွဲပြတ်ဖြင့်အနိုင်ရရှိခဲ့သည်။ (ယာပုံ)

တရုတ်အမျိုးသမီးအသင်းသည် ရိုက်ချက်ပြင်းထန်တိကျမှု၊ စပေးဘောများမှ အမှတ်ရရှိမှုများအပြင် ကျူးဘားဘော်လီဘောမယ်များ၏ ရိုက်ခတ်ချက်များကိုလည်း ဆယ်မတုံ့ပြန်နိုင်မှုများကြောင့် တရုတ်တို့က ၂၅-၂၂၊ ၂၅-၂၂၊ ၂၅-၁၇ ဖြင့် သုံးပွဲပြတ် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ အမေရိကန်အမျိုးသမီးဘော်လီဘောအသင်းနှင့် ဘရာဇီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားရာ အမေရိကန်အသင်းက သုံးပွဲ-နှစ်ပွဲဖြင့်နိုင်ပွဲရရှိခဲ့သည်။ အမေရိကန်အမျိုးသမီး ဘော်လီဘောအသင်းသည် ဘရာဇီးအသင်းကို ခက်ခက်ခဲခဲဖြင့် အကြိတ်အနယ်ကစားပြီးမှ ထိုက်ထိုက်တန်တန် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အမေရိကန်အသင်းသည် ယခုပွဲ၌ ၂၅-၁၉၊ ၂၅-၂၀၊ ၂၀-၂၅၊ ၁၃-၂၅၊ ၁၅-၁၃ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ထို့အတူ တူရကီအမျိုးသမီးဘော်လီဘောအသင်းနှင့် ထိုင်းအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားရာ တူရကီအမျိုးသမီး ဘော်လီဘောအသင်းက သုံးပွဲတစ်ပွဲဖြင့် နိုင်ပွဲရရှိခဲ့သည်။

တူရကီအသင်းသည် ယခုပွဲ၌ ၂၅-၂၂၊ ၂၅-၂၁၊ ၂၀-၂၅၊ ၂၆-၂၄ဖြင့် နိုင်ပွဲရအောင် ကစားသွားခဲ့ခြင်းဖြစ်သည်။ *(အင်တာနက်)*

(၁၈)ကြိမ်မြောက် အာဖရိကပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီးလမ်းလျှောက်ပြိုင်ပွဲ၌ ကင်ညာမယ်ဗိုလ်စွဲ

ပေါ်တိုနိုဗို ဇူလိုင် ၁

(၁၈)ကြိမ်မြောက် အာဖရိကပြေးခုန်ပစ်ပြိုင်ပွဲကို ဘီနင်နိုင်ငံ ပေါ်တိုနိုဗိုမြို့၌ ဇွန် ၃၀ ရက်က ဆက်လက်ကျင်းပရာ အမျိုးသမီး ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲ၌ ကင်ညာမှလမ်းလျှောက်မယ် ဂရေ့ဝမ်ဂျီယူက အနိုင်ရဗိုလ်စွဲခဲ့သည်။

ကင်ညာအပြေးမယ် ဂရေ့ဝမ်ဂျီယူ ***(ယာပုံ)****သည် စံချိန် ၁ နာရီ မိနစ် ၄၀၊ ၅၃ စက္ကန့်ဖြင့် ပထမရရှိပြီး တူနီးရှားလမ်းလျှောက်မယ် လာဖီအိုလ်ဖာက ၁ နာရီ ၄၆ မိနစ် ၁၇ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့သည်။ အီသီယိုးပီးယား လမ်းလျှောက်မယ် ရှီဖရာဝီက ၁ နာရီ ၄၉ မိနစ် ၄၅ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။*

တစ်ဖန် အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ဘော့ဆွာနာအပြေးမယ် မွန့်ဆိုက ၄၉ ဒသမ ၅၄ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ နိုင်ဂျီးရီးယားမှ ရီဂီနာဂျော့က ၅၁ ဒသမ ၁၁ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့ပြီး ဆီနီဂေါမှ အမ်ဘက်တီအင်က ၅၁ ဒသမ ၆၈ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ **(အင်တာနက်)**

မြင့်မောင်စိုး – စုစည်းသည်

၂၀၁၁ခုနှစ်က ဥရောပစူပါဖလားဆွတ်ခူးသွားသော ဘာစီလိုနာအသင်းကို တွေ့ရစဉ်။

၂၀၁၄ စူပါဖလားဗိုလ်လုပွဲ ကာဒစ်ကွင်း၌ကျင်းပမည်

လန်ဒန် ဇူလိုင် ၁

၂၀၁၄ ဥရောပစူပါဖလားဗိုလ်လုပွဲကို ကာဒစ်စီးတီးကွင်းကြီး၌ ကျင်းပသွားမည်ဖြစ်ကြောင်း ဇွန် ၃၀ ရက်တွင် ယူအီးအက်ဖ်အေက ကြေညာထားသည်။

ချန်ပီယံလိဂ်ချန်ပီယံ ချယ်လ်ဆီးနှင့် ယူရိုပါလိဂ်ချန်ပီယံ အက်သလက်တီကိုမက်ဒရစ်တို့သည် ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် အဆိုပါ ဥရောပချန်ပီယံစူပါဖလားပြိုင်ပွဲအဖြစ် မိုနာကိုမြို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မက်ဆီနှင့် ဖာဘာရီဂတ်စ်တို့သည် ၂၀၁၁ခုနှစ်က အဆိုပါ စူပါဖလားဗိုလ်လုပွဲအဖြစ် ပေါ်တိုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိအောင် ဂိုးများသွင်းယူပေးခဲ့ကြသည်။ မိုနာကိုမြို့ရှိ စတိတ်လူးဝစ်တူး အားကစားကွင်းကြီးသည် ၁၉၉၈ ခုနှစ်နောက်ပိုင်း ပထမဆုံးဥရောပစူပါဖလားကျင်းပခဲ့ခြင်းဖြစ်သည်။

ချက်မြို့တော်ပရာဟာရှိ အီဒန်အားကစားကွင်းကြီးသည် ၂၀၁၃ ခုနှစ် စူပါဖလားပြိုင်ပွဲ ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။ ၂၀၁၄ ခုနှစ်တွင် ကာဒစ်စီးတီးအားကစားကွင်းကြီး၌ ကျင်းပမည်ဖြစ်ရာ ပရိသတ် ၂၇၀၀၀ မျှသာ ဝင်ဆံ့သည်။ ၂၀၀၉ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဥရောပစူပါဖလားဗိုလ်လုပွဲကျင်းပခွင့်ရသည့် ကွင်းကြီးဖြစ်သည်။ ၎င်းကွင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဘယ်လ်ဂျီယံနှင့် စကော့တလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည့် ကွင်းဖြစ်သည်။ ***(အင်တာနက်)***

နာမည်ကြီးတင်းနစ်မယ် ဆီရီနာဝီလျံ တရုတ်တင်းနစ်မယ်ကိုနိုင်ပြီး နောက်တစ်ဆင့်တက်

လန်ဒန် ဇူလိုင် ၁

အမေရိကန်နာမည်ကြီးတင်းနစ်မယ် ဆီရီနာဝီလျံသည် ဇွန် ၃၀ ရက်က လန်ဒန်မြို့၌ ကျင်းပသော ဝင်ဘယ်ဒန်ဖလားပြိုင်ပွဲတွင် ပြိုင်ဘက်တရုတ်တင်းနစ်မယ်ကို အနိုင်ရပြီး စတုတ္ထအဆင့်ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ အသက် ၃၀ အရွယ်ရှိ ဆီရီနာဝီလျံ **(အပေါ်ပုံ)**သည် တရုတ်တင်းနစ်မယ် ကျန်ဂျီအား ၆-၇ (၅-၇) ၆-၂၊ ၉-၇ဖြင့် အနိုင်ရပြီး စတုတ္ထအဆင့်ပြိုင်ပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ ထိုအတောအတွင်း လက်ရှိချန်ပီယံ ပီထရာကစ်တိုဗာကလည်း အမေရိကန်တင်းနစ်မယ် လက်ချန်ကိုအား ၆-၁၊ ၆-၀ ဖြင့်နိုင်ပြီး စတုတ္ထအဆင့်ပြိုင်ပွဲသို့ တက်ရောက်လာသည်။

"ကျွန်မအနေနဲ့ ယခုကစားခဲ့တဲ့ပြိုင်ပွဲမှာရှုံးနိမ့်လိမ့်မယ်လို့ ဘယ်တုန်းကမျှ တွေးမထားခဲ့ပါဘူး၊ ပြိုင်ပွဲမှာ နိုင်ရမယ်ဆိုတဲ့စိတ်ဓာတ်နဲ့ ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မဒီပွဲမှာရှုံးမယ့်အနေအထားမှ ပြန်ပြီးအကောင်းဆုံးကစားနိုင်ခဲ့တဲ့အတွက် အနိုင်ရခဲ့တာဖြစ်ပါတယ်"ဟု ဆီရီနာဝီလျံက သတင်းထောက်များအား ပြောကြားသည်။ ဆီရီနာဝီလျံသည် အဆိုပါ ဝင်ဘယ်ဒန်ဖလားကြီးကို ငါးကြိမ်မြောက်အထိ ဆွတ်ခူးနိုင်ရန် ကြိုးစားနေခြင်းဖြစ်သည်။ သူမသည် တရုတ်တင်းနစ်မယ် ကျန်ဂျီအားအနိုင်ရရှိရန် အချိန် ၂ နာရီ ၂၈မိနစ်ကြာအောင် ကစားခဲ့ရသည်။ ၎င်းသည် လာမည့် စတုတ္ထဆင့်ပြိုင်ပွဲတွင် ကာဇက်စတန် တင်းနစ်မယ် ရှက်ဒိုးဗားနှင့်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

အယ်လ်ပီဂျီအေဂေါက်သီးရိုက်ပြိုင်ပွဲ ဗင်နီဇွဲလားမယ်ဦးဆောင်

အာကင်ဆက် ဇူလိုင် ၁

ဗင်နီဇွဲလားဂေါက်သီးအားကစားမယ် ဗီရှန်နီကာ ဖီလီဘတ်သည် အမေရိကန်နိုင်ငံ အာကင်ဆက်ပြည်နယ်၌ ဇွန် ၃၀ရက်က ကျင်းပသော အယ်လ်ပီဂျီအေတိုးအင်န်ဒဗျူ အာကင်ဆက်ကလပ်ဆစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တတိယနေ့ပြိုင်ပွဲအပြီး လေးချက်အသာဖြင့်ဦးဆောင်ကာ နောက်ဆုံးနေ့ပြိုင်ပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်သည်။ *(ဝဲပုံ)*

ဖီလီဘတ်သည် ဇွန် ၃၀ရက်က အသက်၂၇နှစ်ပြည့်ခဲ့ပြီး တတိယနေ့ပြိုင်ပွဲတွင် ၆၆ချက်ရိုက်ကာ သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ထားသည်။ သူမသည် ဖွင့်ပွဲနေ့တွင် ၆၅ချက်သာရိုက်ခဲ့ပြီး အခြားပြိုင်ဘက်များကို ရိုက်ချက်တစ်ချက် အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

လျှော့ရိုက်နိုင်

ဖီလီဘတ်သည် အယ်လ်ပီဂျီအေတိုးပြိုင်ပွဲကို ယခုနှစ်တွင် ပထမဆုံး ယှဉ်ပြိုင်ခြင်းဖြစ်သည်။ သူမသည် ဒုတိယနေ့အပြီး သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်အထိ လျှော့ရိုက်နိုင်ခဲ့သည်။ သူမသည်ဒုတိယနေ့အပြီး ၃၆ကျင်းကစားရာတွင် ၁၃၁ချက်ဖြင့် လျှော့ရိုက်ချက်စံချိန်တင်အများဆုံးရိုက်ပြနိုင်ခဲ့သည်။ ယခင်ကအဆိုပါပြိုင်ပွဲတွင် ဒုတိယနေ့အပြီး မီနာလီနှင့် ဂျီအွန်ပေးတို့က ၂၀၀၈ခုနှစ်၌ အနည်းဆုံး ၁၃၂ချက်သာရိုက်နိုင်ခဲ့သည်။ ၂၀၁၀ခုနှစ်တွင် မီရှယ်ဝီက ယင်းအဆင့်တွင် ၁၃၂ ချက် ရိုက်နိုင်ခဲ့သည်။ *(အင်တာနက်)*

ကံထူးရှင်များ ဆုငွေထုတ်ယူနိုင်ရန် အသိပေးကြေငြာခြင်း

လေလိုင်းပေါ်မှ ရုပ်ကံထူးရှင်အစီအစဉ်တွင် sms message ဖြင့်ကံထူးသည့် ကူပွန်နံပါတ် နှင့် ဖုန်းနံပါတ်များ

	(၁)ထိပ်းဆု	(၅)ထောင်းဆု	(၂)ထောင်းဆု		
(၁-၇-၂၀၁၂)	V 310570 (09 450004182)	P 154044 (09 50 89929)	V 310602 (09 73039822)	V 311181 (09 5042535)	O 182433 (01 681010)
			P 153790 (09 73059513)	R 169779 (09 5108812)	V 300937 (01 389694)
		R 169782 (09 421001631)	S 96827 (09 73132780)		
(၂-၇-၂၀၁၂)	V 975471 (01 293311)	O 182360 (09 5073316)	V 300993 (09 73130327)	V 312524 (09 43050952)	V 312532 (09 73075936)
			V 300801 (09 73037526)	V 317920 (09420071565)	V 319007 (09 50 61232)
		U 200556 (09 5404372)	O 180822 (09 73036900)		

facebook ... ☎ - 09 5178737 , 01 - 2399000

အောင်စစ်သည်(ဗိုလ်လောင်းဝင်ခွင့်သင်တန်း)

D.SM.A, D.S.T.A, D.S.A

၇၅လမ်း၊ ၉-၁၀ လမ်းကြား၊ အကွက် (၅၂)၊ ဥပုသ်တော်ရပ်၊ မြောက်ပြင်

မန္တလေးမြို့၊ ဖုန်း-၀၉-၂၀၂၂၀၆၇၊ ၀၉-၉၁၀၀၀၃၀၁၊ ၀၉-၄၀၂၆၁၆၀၈၁

ဆရာ့အကောင်း (WISDOM VILLAGE)

- GRE / SAT / TOEFL / IELTS
- Writing / Speaking.

Ph : 516680 , 09- 5115486

လျှပ်စစ်ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းရာမှ ဓာတ်လိုက်သေဆုံး

ဇွန် ၂၈ ရက် နံနက် ၇ နာရီခွဲက တပ်ကုန်းမြို့ ဆရာစံရပ်တောင်ပိုင်းနယ်မြေ ၁၁ ရေမြောင်းအတွင်း လူတစ်ဦးသေဆုံးနေကြောင်း သတင်းအရတပ်ကုန်း ရဲတပ်ဖွဲ့ စခန်းမှ ဒုရဲအုပ်မောင်ကျော် ဦးစီးရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူမှာ တပ်ကုန်းမြို့ ဆရာစံရပ် နယ်မြေ ၁၀ နေ ဇော်မိုးဆိုသူဖြစ်ကြောင်း၊ ၎င်းနှင့်အတူငါးဖမ်းရာတွင် အသုံးပြုသည့် ဘက်ထရီ ကျဉ်စက်တို့နှင့်အတူ လည်တိုင်ယာဘက်ခြမ်း မီးလောင်ညိုမည်းပေါက်ပြဲဒဏ်ရာ တစ်ချက်၊ ယာဘက်လက်မောင်းရင်းတွင် မီးလောင်ညိုမည်းပေါက်ပြဲဒဏ်ရာတစ်ချက်၊ ဆီးစပ်ဝဲဘက်ခြမ်းတွင် အပူလောင်ဒဏ်ရာ တစ်ချက်တို့နှင့်အတူ သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရာ ဒေသခံများမှ ဒေသလုပ်လက်ဖြစ် ကျဉ်စက်ဖြစ်၍ လျှပ်စစ် ဝိုင်ယာရှော့ခ်ဖြစ်ကာ ဓာတ်လိုက်သေဆုံးခြင်းဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။ ၎င်းနှင့်စပ်လျဉ်း၍ တပ်ကုန်းရဲစခန်းက သေဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေး လျက်ရှိကြောင်း သိရှိရသည်။ (၁၆၅)

မှုခင်းသတင်း

မြန်မာ့အလင်း ၁-၇-၂၀၁၂

မန္တလေး-လားရှိုးကားလမ်းပေါ် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမူးယစ်(အထူး)အဖွဲ့မှ ဒုတိယရဲမှူးရဲနိုင်၏ ကြီးကြပ်မှုဖြင့် ရဲအုပ်တင်အေးနှင့်အဖွဲ့သည် ဇွန် ၂၉ ရက် ညနေ ၅ နာရီခွဲက နောင်ချိုမြို့အဝင် မိုင်တိုင် (၇၈/၅)တွင် တာဝန်ထမ်းဆောင်နေစဉ် လားရှိုးမှရန်ကုန်သို့ထွက်ခွာလာသော ယာဉ်မောင်း ဦးခင်မောင်ဝေ မောင်းနှင်သည့် ခရီးသည်တင်မှန်လုံယာဉ် အမှတ် ၄ဂ/. . ၏ထိုင်ခုံ အမှတ်(၅)တွင် လိုက်ပါလာသော ခရီးသည် မျိုးဝင်း၏ ခရီးဆောင်အိတ်အတွင်း အဝတ်များအောက်ရှိ အနက်ရောင် ကြွပ်ကြွပ်အိတ်အတွင်း မိုင်းကိုင်စက္ကူဖြင့် ထုပ်ထားသည့် အပြာရောင်ပလတ်စတစ် အိတ်ငယ်တစ်အိတ်လျှင်(WY)စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၉၈၅၀၀ ပြား၊ အလေးချိန် ၈ ဒသမ ၈၆၅ ကီလို၊ဆေးပြားတစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၁၉၇၀ ဖိုးကိုလည်းကောင်း၊ ထိုင်ခုံအမှတ်(၆)တွင် လိုက်ပါလာသည့် ကျော်မျိုးထွန်း၏ ခရီးဆောင်အိတ်အတွင်း အနက်ရောင် ကြွပ်ကြွပ်အိတ်မှ မိုင်းကိုင်စက္ကူဖြင့် ထုပ်ထားသည့် အပြာရောင်ပလတ်စတစ်အိတ်ငယ် တစ်အိတ်လျှင် (WY)စာတန်းပါ ပန်းရောင် စိတ်ကြွဆေးပြား ၂၀၀ ပါ ၄၉၂ အိတ်၊ ၁၀၀ ပြားပါ တစ်အိတ် စုစုပေါင်း စိတ်ကြွ ဆေးပြား ၉၈၅၀၀ ပြား၊အလေးချိန် ၈ ဒသမ ၈၆၅ ကီလို၊ ဆေးပြားတစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် သိန်း ၁၉၇၀ ဖိုးတို့အား သက်သေများရှေ့တွင် ရှာဖွေသိမ်းဆည်းခဲ့သည်။ ယင်းအမှုနှင့် ပတ်သက်၍ နောင်ချိုရဲစခန်းက အရေးယူထားကြောင်း သတင်းရရှိသည်။ (၀၇၂)

ဇွန် ၂၄ ရက်က အမှတ်(၂) မူလတန်းလွန်ကျောင်း လှိုင်မြို့နယ်၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ကလေးများအတွက် ကျောင်းတွင်း အာဟာရအလှူအဖြစ် စတုတ္ထတန်းမှ မသီမှံသဥ္ဇာဇော်၏မွေးနေ့တွင် နို့စိမ်းခေါက်ဆွဲ ကျွေးမွေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သာနုအေးနှင့် ဆရာ ဆရာမများ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၂၂)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

နိုင်ငံတကာရုပ်ရှင်

ကိုသစ္စာ—ရေးသားသည်

ရုပ်ရှင်မင်းသားတွမ်ခရုစ်နဲ့ဇနီး ကိတ်ဟိုးလ်မက်စ် သဘောထားမတိုက်ဆိုင်သဖြင့်လမ်းခွဲခဲ့ကြပြီ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၁

ကမ္ဘာကျော်ရုပ်ရှင်မင်းသား တွမ်ခရုစ်နဲ့ဇနီးဖြစ်သူ ကိတ်ဟိုးလ်မက်စ်တို့ **(အပေါ်ပုံ)**က ဆက်လက်ပြီး လက်တွဲလို့မရတော့တဲ့ ဆက်ဆံရေး အဆင်မပြေမှုတွေကြောင့် လမ်းခွဲခဲ့တော့မှာဖြစ်တယ်လို့ ဇူလိုင် ၁ ရက်မှာ ရုပ်ရှင်မင်းသားတွမ်ခရုစ်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

အသက် ၅၀ ရှိပြီဖြစ်တဲ့ တွမ်ခရုစ်နဲ့ အသက် ၃၃ နှစ် အရွယ်ရှိတဲ့ ကိတ်ဟိုးလ်မက်စ်တို့နှစ်ဦးဟာ ၂၀၀၆ခုနှစ် နိုဝင်ဘာလကတည်းက လက်ထပ်ခဲ့ကြတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ အဲဒီတုန်းက Dawson's Creek အမည်ရှိတဲ့ ရုပ်ရှင်ကားမှာ အတူတွဲဖက်သရုပ်ဆောင်ခဲ့ပြီးနောက် ချစ်သူတွေဖြစ်ခဲ့ကြရာမှ လက်ထပ်ခဲ့ကြတာ ဖြစ်ပါတယ်။

ကိတ်ဟိုးလ်မက်စ်အတွက် ပထမဆုံးလက်ထပ်တာဖြစ်ပေမယ့် တွမ်ခရုစ်အတွက်ကတော့ သုံးကြိမ်မြောက်လက်ထပ်ခြင်းဖြစ်ပါတယ်။ အခုလို ကွာရှင်းဖို့အတွက် ကိတ်ဟိုးလ်မက်စ်က ဆန္ဒပြင်းပြခဲ့တာဖြစ်ပြီး တွမ်ခရုစ်ကတော့ အခုလို ကွာရှင်းဖို့အတွက် ကိတ်ဟိုးလ်မက်စ်နဲ့ရရှိတဲ့ ခြောက်နှစ်အရွယ်သမီးငယ် စူရီအပေါ်မှာ စဉ်းစားဖို့ အတွေးရှိနေပေမယ့် အခုတော့ ကွာရှင်းခွင့်ပေးတော့မှာ ဖြစ်ပါတယ်။

တွမ်ခရုစ်နဲ့ ကိတ်ဟိုးလ်မက်စ်တို့နှစ်ဦးဟာ ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှာ လက်ထပ်ပွဲကျင်းပခဲ့စဉ်က ကောင်းကင်ကို မီးရှူးမီးပန်းတွေ ပစ်ဖောက်ပြီး ခမ်းနားတဲ့ မင်္ဂလာပွဲ ဆင်နွှဲခဲ့ပေမယ့် အခုတော့ လက်ထပ်အပြီး ခြောက်နှစ်အကြာမှာ ကွာရှင်းပြတ်စဲခဲ့ကြတာဖြစ်ပါတယ်။ တွမ်ခရုစ်နဲ့ ကိတ်ဟိုးလ်မက်စ်တို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကတည်းက သီးခြားစီ နေထိုင်ခဲ့ကြပါတယ်။ **(အင်တာနက်)**

၂၂ နှစ်အရွယ် ရုပ်ရှင်မင်းသား အာရွန်ဂျွန်ဆင် ၄၅နှစ်အရွယ် ရုပ်ရှင်ထုတ်လုပ်သူ ဆမ်တေလာဝုဒ်နှင့် လက်ထပ်ပြီ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၁

ပရိသတ်တွေနှစ်ခြိုက်အားပေးခဲ့ကြတဲ့ Kick-Ass ရုပ်ရှင်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့သူ အသက် ၂၂နှစ်အရွယ်သာရှိသေးတဲ့ ရုပ်ရှင်မင်းသား အာရွန်ဂျွန်ဆင်ဟာ သူ့ထက် အသက် ၂၃ နှစ်ကြီးတဲ့ ဆမ်တေလာဝုဒ်နဲ့ ဇွန် ၃၀ ရက်မှာ လက်ထပ်လိုက်ကြပြီဖြစ်ပါတယ်။ **(ယာပုံ)**

ရုပ်ရှင်မင်းသား အာရွန်ဂျွန်ဆင်နဲ့ အသက် ၄၅နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရုပ်ရှင်ထုတ်လုပ်သူ အမျိုးသမီး ဆမ်တေလာဝုဒ်တို့ ဇနီးမောင်နှံကို အနုပညာအသိုင်းအဝိုင်းရော ပရိသတ်တွေပါ စိတ်ဝင်စားနေကြပါတယ်။ အသက် ၂၂နှစ်အရွယ်သာရှိသေးတဲ့ ရုပ်ရှင်မင်းသား အာရွန်ဂျွန်ဆင်ဟာ နုပျိုချောမောပြီး ဆယ်ကျော်သက် အမျိုးသမီးငယ်တွေရဲ့ စိတ်နှလုံးကို ဆွဲကိုင်လှုပ်ရမ်းနိုင်သူဖြစ်ပါတယ်။

ပရိသတ်တွေအားလုံး အံ့ဩနေပေမယ့် သူတို့နှစ်ဦးရဲ့ ချစ်သူဘဝဆက်ဆံရေးဟာ ၂၀၀၉ ခုနှစ်ကတည်းက စတင်ခဲ့တယ်လို့ဆိုထားပါတယ်။ သူတို့နှစ်ဦးဟာ ဆမ်တေလာဝုဒ်ကိုယ်တိုင် ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ Nowhere Boy အမည်ရှိတဲ့ ရုပ်ရှင်ကားကို ရိုက်ကူးရင်းနဲ့ ချစ်ကြိုက်သွားခဲ့တာဖြစ်ပါတယ်။ ဗြိတိန်ရုပ်ရှင်မင်းသားတစ်ဦးဖြစ်တဲ့ အာရွန်ဂျွန်ဆင်ဟာ ၂၀၁၁ ခုနှစ်က Kick-Ass ရုပ်ရှင်ကားမှာ အောင်မြင်စွာသရုပ်ဆောင်နိုင်ခဲ့တာမို့ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေအားပေးခြင်းခံနေရတဲ့ ရုပ်ရှင်မင်းသားတစ်ဦးဖြစ်ပါတယ်။ တကယ်တော့ သူတို့နှစ်ဦးဟာ ၂၀၀၉ ခုနှစ်ကတည်းက နှစ်ဦးသဘောတူစေ့စပ်ထားခဲ့ကြပြီး တွဲနေကြသူတွေဖြစ်ပါတယ်။ အသက် ၄၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆမ်တေလာဝုဒ်ဟာ ကလေးနှစ်ယောက်မိခင်ဖြစ်ပြီး အင်ဂျလီကာနဲ့ ဂျက်ဆီအမည်ရှိတဲ့ သမီးနှစ်ယောက်ရှိပါတယ်။ ဒါပေမယ့်ရုပ်ရှင်မင်းသား အာရွန်ဂျွန်ဆင်က သူမကို အသက်အရွယ်ကွာခြားနေပေမယ့် တကယ်ချစ်မြတ်နိုးလို့ လက်ထပ်ခဲ့တာပါလို့ပြောကြားနေပါတယ်။ ရုပ်ရှင်မင်းသား အာရွန်ဂျွန်ဆင်ဟာ လာမယ့် ၂၀၁၃ ခုနှစ်ဆန်းပိုင်းမှာ Kick-Ass 2 အမည်ရှိတဲ့ ရုပ်ရှင်ကားသစ်ကို ဆက်လက်ရိုက်ကူးမှာဖြစ်ပါတယ်။ ဒီဇာတ်ကားဟာ သူပါဝင်သရုပ်ဆောင်ခဲ့တဲ့ Kick-Ass ဇာတ်ကားရဲ့ စီးရီးဖြစ်ပါတယ်။ **(အင်တာနက်)**

မြန်မာ့အလင်း အမှတ်မထင်သတင်းမြင်ကွင်း

အသက်ကလေးရယ်တဲ့ရှည်စေလို

မြန်မာစကားပုံတစ်ခုရှိပါသည်။ "ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်"ဟု။ ယခုကဲ့သို့ ရေလမ်းခရီးသွားရာ၌ အသက်ကယ်အင်္ကျီမဝတ်ဆင်ဘဲ မသွားသင့်သလို၊ အိမ်ပြန်ရောက်ချင်ဇောဖြင့် ယခုကဲ့သို့ကားခေါင်မိုးပေါ်မှလည်း လိုက်ပါစီးနင်းခြင်း မပြုသင့်ပါ။ ဓာတ်ပုံသတင်းထောက်-ကိုကြီးတင်

ရန်ကုန်တိုင်း ဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဗားကရာ ဆိပ်ကမ်းအနီး လှေသမ္ဗန်တစ်စင်း ပေါ်မှ အမှတ်မထင်မြင်ကွင်း…။

ဇူလိုင် ၁ ရက် ညနေ ၅ နာရီက ကမာရွတ်မြို့နယ် အင်းစိန်လမ်းမကြီး ပေါ်၌ တွေ့ရသော လိုင်းကားငယ် တစ်စီးပေါ်မှ အမှတ်မထင်မြင်ကွင်း…။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဦးအောင်သန်း-ဒေါ်တင်လှိုင်တို့၏ မြေးဦး
နေပြည်တော်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဒုတိယညွှန်ကြားရေးမှူးချုပ်
ဦးစံရွှေအောင်-ဒေါ်အေးအေးသန်းတို့၏ သားကြီး
မောင်ကောင်းထက်စံ(ဆေး-၁)၊
မောင်ကောင်းမြတ်စံ(ဆေး-၁)တို့၏ အစ်ကိုကြီး
ဒေါက်တာမျိုးထက်ကို M.B.,B.S (Ygn)
လက်ထောက်ဆရာဝန်၊ စမ်းချောင်းမြို့နယ်ကျန်းမာရေးဦးစီးဌာန
နှင့်
(ဦးသန်းအောင်)-ဒေါ်ခင်ကြည်တို့၏ မြေးဦး၊
ရန်ကုန်မြို့နေ ဦးရဲထွန်း(Ye Tun Co., Ltd.)-ဒေါ်နီနီဝင်းတို့၏ သမီးကြီး၊
ပဲခူးမြို့နေ ဦးရဲမွန်-ဒေါ်မိမိကြီးတို့၏ တူမ၊
ဒေါက်တာသူရထွန်း(M.B.,B.S)၊ မအေးချမ်းမြေ့ထွန်းတို့၏အစ်မကြီး
ဒေါက်တာမေသူထွန်း M.B.,B.S (Ygn)
လက်ထောက်ဆရာဝန်(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)

တို့သည် နှစ်ဖက်အဘိုးအဘွားမိဘများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများရှေ့မှောက်တွင် ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ၁-၇-၂၀၁၂ ရက် နံနက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
ဒေါက်တာမျိုးထက်ကို-ဒေါက်တာမေသူထွန်း

ရေတာရှည်မြို့နယ်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရေတာရှည်မြို့နယ်အသင်း၏ ဩဝါဒါစရိယဆရာတော် သိက္ခာထပ်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ပညာရည်ချွန်ဆုပေးပွဲတို့ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။

ကျင်းပမည့်နေ့ရက် - ၁၅-၇-၂၀၁၂ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၈ နာရီမှ မွန်းတည့် ၁၂နာရီအထိ (သိမ်ဆင်းသံဃာ၁၁ပါး၊နံနက် ၈း၃၀နာရီ သိမ်ဆင်းပါမည်။)
ကျင်းပမည့်နေရာ - ယောဇနာရာမပရိယတ္တိစာသင်တိုက်၊ မင်းလမ်းအနောက်ထိပ် ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်။

သို့ဖြစ်ပါ၍ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် အသင်းဝင်များ၏ သားသမီးများ(အိမ်ထောင်စုစာရင်းမိတ္တူ၊ အောင်မြင်ကြောင်းထောက်ခံချက်မိတ္တူတို့နှင့်အတူ) ၁၀-၇-၂၀၁၂ရက် နောက်ဆုံးထားပြီး စာရင်းပေးပို့ပါရန်၊ လှူဒါန်းလိုသူများ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်ပါရန်နှင့် ရေတာရှည်မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၁။ ဦးမောင်မောင်ကြည် ဖုန်း-၀၉-၄၉၃၁၆၀၂၉
၂။ ဦးရဲမြင့် ဖုန်း-၀၉၇၃၂၅၀၆၁၁
၃။ ဦးအောင်ဌေးဝင်း ဖုန်း-၀၉၄၂၁၀၆၉၃၉၄
၄။ ဦးခင်မောင်သိန်း ဖုန်း-၀၉-၇၃၁၄၉၇၇၇

ကျေးဇူးဆပ်ပါမည်
ကျော်နိုင်ဦး ၁၀/ခဆန(နိုင်)၀၆၀၅၀၀ ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် M-၆၅၆၄၀၂သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၇၃၀၈၅၀၁၅၊ ၀၁-၆၆၁၂၂၀**

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် ၆၉၂၊ ဦးပိုင်အမှတ် (၇-စ)၊ ၇၀×၇၁ လမ်း၊ ၃၈×၃၉ လမ်းကြား ဦးလွန်းမောင် အမည်ပေါက် မြေကွက်အား ဦးလှိုင်မိုးထွန်း ၉/ခအဇ(နိုင်)၀၁၃၉၃၅ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ သက်တမ်းတိုး အမည်ပြောင်း ဂရန်ပျောက်အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ





airBagan myanma MAI ASIAN WINGS

(၁၈)နှစ်ပြည့် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးဇော်လင်း(ဦးစီးအရာရှိ၊ သစ်တောဦးစီးဌာန)နှင့် ချစ်မေမေ ဒေါ်မာလာထူးတို့၏ ၂-၇-၂၀၁၂ ရက်တွင် ကျရောက်သော (၁၈)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို ချစ်သမီးများနှင့်အတူ အသက်ထက်ဆုံး ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေ။

ချစ်သမီးများ-
ချစ်သမီးကြီး - **မအိမ့်မေမြတ်မွန်** (1st yr, Eng-I.D.C.S KMD)
ချစ်သမီးလတ် - **မအိမ့်ဖူးငုံ** (Grade-10)
ချစ်သမီးလေး - **မဂျူးဟေစံ**

မင်္ဂလာဆုတောင်း

ချစ်သူငယ်ချင်း သန်းထူးနှင့် ဇာဇာဟန်တို့၏ ၂၈-၆-၂၀၁၂ ရက်တွင် ကျင်းပခဲ့သော မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၂၀ ကျော်တိုင်အောင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဘဝခရီးကို အတူတကွ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်သူငယ်ချင်း ဗိုလ်ကြီးဇော်လင်းထိုက်
ချစ်သူငယ်ချင်း ကျော်ဇင်မင်း
ချစ်သူငယ်ချင်း တင်မျိုးဝေ

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမျိုးတင့်သန်း၏ ဆောင်း(န်)မြန်မာတင်းဘားကုမ္ပဏီလီမိတက်၏ မှတ်ပုံတင်ကတ်ပြားအမှတ် ၄၆၉/၉၂-၉၃ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန်-
ဦးမျိုးတင့်သန်း
ဖုန်း-၀၁-၆၁၀၃၇၃၊ ၀၉-၅၀၁၀၅၆၇

sm² Mobile Directory

2012 July version

GET IT! FREE

Call 01-24 63 93
09-73 14 63 93

Hotel Apple (Nay Pyi Taw)
Room Rate - 18000 Kyats
09-8636624, 09-49316380

ဖခင်အမည်မှန်

အလက(၄) ထ(၂-ခွဲ) ဒဂုံမြို့သစ်(တောင်ပိုင်း) တက္ကသိုလ်ဝင်တန်းကျောင်းသူ မတင်မာဆွေ၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုး ဖြစ်ပါသည်။ **ဦးအောင်မျိုး**

အများသိစေရန်

မိတ္ထီလာမြို့၊ မြို့တိုးချဲ့ ပြည်သာယာရပ်ကွက် ဗိုလ်မှူးကြီးမင်းဒင်(ငြိမ်း) အမည်ပေါက်မြေကွက်အမှတ် ၂၅၅/၁၅/ခ အား မြေပုံကူးယူမည် ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါကခုနစ်ရက်အတွင်း စာရွက်စာတမ်း အပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါသည်။ **ဦးနိုင်မင်း**
၁၂/ရကန(နိုင်)၀၀၅၄၅၉
ဖုန်း-၄၃၀၅၆၂၆၂

MOE THAUK PAN ACADEMIC CENTRE
Grade 1 မှ Grade 8 ထိ
English 4 Skills and Speaking
Sat, Sun 9:00 am to 11:00 am

(1) Juntion Ph:571545, 09-5126882
(2) Ph:200917,09-5126882
(3) Ph:566592, 09-5011124

သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

For The National Interest.
THE NATION
News Journal

Junction Cineplex
Junction Nay Pyi Taw Ph - 067 421 615
Junction Maw Tin Ph - 225 244
Junction Square Ph - 527 055
Booking

3D HAUNTED

Movie Point Bonus
Junction Cineplex

☎-01-510617, 510367

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့

Union Civil Service Board

[illegible]

[illegible]	[illegible]	[illegible]
(က) [illegible]	၃ [illegible]	[illegible] B.E(Mechanical) [illegible] B.E (Marine Engineering)
(ခ) [illegible]	၂ [illegible]	[illegible] B.E(Naval Architecture)
(ဂ) [illegible]	၂ [illegible]	[illegible] (C P A) [illegible] (B.Com) [illegible] (B.Act)

၂။ [illegible]

(က) [illegible]

(ခ) ၂၅ - ၇ - ၂၀၁၂ [illegible]

(ဂ) [illegible]

၃။ [illegible] ၂၅ - ၇ - ၂၀၁၂ [illegible]

၄။ [illegible]

၅။ [illegible] ၂၅ - ၇ - ၂၀၁၂ [illegible]

၆။ [illegible]

၇။ [illegible]

၈။ [illegible]

၉။ [illegible] Website [illegible] ucsb.imis.com.mm နှင့် www.ucsb.gov.mm [illegible]

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၏ လုပ်ငန်းသုံးအတွက်လိုအပ်သော ကျောက်ချဉ်များကို အောက်ပါအတိုင်းဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူရန်အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(က)	ကျောက်ချဉ်	၁၀၀၀တန်

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၅-၇-၂၀၁၂ ရက် ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀/- (ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့်မြို့တော်ခန်းမ (ပထမထပ်)၊ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အတွင်းရေးမှူး
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊မြေတိုင်းရပ်ကွက် ၃၈ကံဘဲ့၊ မြေကွက်အမှတ် ၂၇၇၊ မြေကွက်တည်နေရာအမှတ် ၁၀၄၀၊ အင်ကြင်းမြိုင်လမ်း၊ (၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ အမည်ပေါက်ဦးတင်စိန်၊ ဒေါ်စန်းရီ နှစ်ဖ၀မြေငှားဂရန်မြေအား အမည်ပေါက် ဦးတင်စိန်နှင့် ဒေါ်စန်းရီ၊ ဦးတင်စိန်၏ ပထမဇနီး ဒေါ်လှလှတို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဦးအေးကျော် ၁၂/ကမတ(နိုင်)၀၂၄၃၆၇၊ (၂)ဒေါ်ခင်စီ ၁၂/ရကန (နိုင်)၀၄၃၀၀၇၊ (၃) ဒေါ်လဲ့လဲ့ရီ ၁၂/ရကန(နိုင်)၀၃၅၇၈၄ တို့က သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ပြည်တော်သာရပ်၊ မြခွာညိုလမ်း၊ အိမ်အမှတ် ၁၅၃ ဥပစာနှင့် စပ်လျဉ်း၍ ဦးဇော်အောင် ၁၃/တကန(နိုင်)၀၀၉၂၁၉နှင့်

သက်ဆိုင်သူများ သိစေရန်ကြေညာချက်

အထက်ပါအဆောက်အအုံဥပစာ၏ ပိုင်ရှင် ဒေါ်ဂျီဂျာနန်၏ သဘောတူညီချက်အရ အစ်မ ဒေါ်ဆိုင်းဘူ ၁၃/တကန(နိုင်)၀၀၉၂၁၂က ယင်းအဆောက်အအုံတွင် မောင်ဖြစ်သူ ဦးဇော်အောင်အား ခေတ္တနေထိုင်ခွင့်ပြုထားခဲ့သည်ကို အခွင့်ကောင်းယူလျက် အခြားသူများကို ဝင်ရောက်နေထိုင်အသုံးပြုစေလျက်ရှိကြောင်း စုံစမ်းသိရှိရသည့်အပြင် ယင်းဥပစာကို လွှဲပြောင်းရန်အထိ စီစဉ်အားထုတ်လျက်ရှိနေကြောင်း ကြားသိလာရ၍ ယင်းအဆောက်အအုံဥပစာ၌ ဦးဇော်အောင်အား ခေတ္တနေထိုင်ခွင့်ပြုထားခြင်းကို ယနေ့မှအစပြု၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်းနှင့် ဦးဇော်အောင်သည် ယခင်ခေတ္တနေထိုင်ခွင့်ရသည့်အခြေအနေအတိုင်း ခေတ္တနေထိုင်ခွင့်ပြုထားသူ အစ်မဒေါ်ဆိုင်းဘူထံသို့ ဖော်ပြပါအဆောက်အအုံဥပစာကို အေးချမ်းစွာ ပြန်လည်အပ်နှံပါရန်နှင့် ပျက်ကွက်ပါက တရားဥပဒေအရ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အမှုသည်ဒေါ်ဆိုင်းဘူ၏ လွှဲအပ်ချက်အရ-
ဦးမောင်မောင်(တရားလွှတ်တော်ရှေ့နေ-၃၄၇၃)
ABEL & PARTERS LLP
အမှတ် ၅၀၄/၅၀၆၊ အခန်း A6၊ ကုန်သည်တာဝါ(၂)၊ ၃၉လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ အဝင်လမ်းမကြီး ကတ္တရာထပ်ပိုးလွှာခင်း ပြုပြင်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပေးသွင်းမှုကို ၂၀၁၂ခုနှစ် ဇူလိုင် ၁၉ရက် ညနေ ၁၆း၀၀နာရီတွင် ပိတ်မည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါပုံစံနှင့် ကတ္တရာထပ်ပိုးလွှာခင်း ပြုပြင်ခြင်းလုပ်ငန်း၏ အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဤတက္ကသိုလ်ငွေစာရင်းဌာနသို့ လာရောက်စုံစမ်းနိုင်ပါသည်။

တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၆၆၈၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုရှေ့နေချုပ်ရုံး
နေပြည်တော်
ကြေညာချက်

၁။ ဥပဒေအရာရှိအဆင့်-၄များ ရွေးချယ်ရေးအတွက် ရေးဖြေစာမေးပွဲကို ၁၅-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ တစ်ပြိုင်တည်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်နှင့်ဧရာဝတီ၊ တိုင်းဒေသကြီး/ပြည်နယ်အတွင်းမှ လျှောက်ထားသူများသည် ရန်ကုန်မြို့တွင်လည်းကောင်း၊ ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရှမ်း၊ တိုင်းဒေသကြီး/ပြည်နယ်အတွင်းမှ လျှောက်ထားသူများသည် မန္တလေးမြို့တွင်လည်းကောင်း ဖြေဆိုကြရပါမည်။

၃။ ဖြေဆိုခွင့်ကတ်ပြားများကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးတို့တွင် ၉-၇-၂၀၁၂ရက်မှ ၁၃-၇-၂၀၁၂ရက်အထိ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ လူကိုယ်တိုင်လာရောက်ထုတ်ယူကြရပါမည်။

၄။ ခုံအမှတ်၊ စာမေးပွဲအချိန်ဇယားနှင့် ဖြေဆိုရမည့်နေရာများကို ၉-၇-၂၀၁၂ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးတို့တွင် ကြေညာထားပါသည်။

၅။ ၃၁-၅-၂၀၁၂ရက်တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၂၇)နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၀) မဟာဥပဒေဘွဲ့ (LL.M) ဘွဲ့ရရှိပြီးသူဖြစ်ပါက အသက်(၃၂)နှစ်ထက်ကျော်လွန်သူများကို ဖြေဆိုခွင့်မပြုပါ။

ပြည်ထောင်စုရှေ့နေချုပ်ရုံး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းရုံးချုပ်နှင့် ဓာတ်အားပေးစက်ရုံများအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို နေပြည်တော် (ပေါင်းလောင်းဂိုဒေါင်)အရောက် တန်ဖိုးမြန်မာ(ကျပ်)ငွေဖြင့်ဝယ်ယူလိုပါသည်-

(၁)	**ရုံးသုံးစက်ကိရိယာပစ္စည်းများ (၁၀)မျိုး**	**ပေါင်း(၇၄)ခု**
(၂)	**ရုံးသုံးပရိဘောဂပစ္စည်းများ (၁၃)မျိုး**	**ပေါင်း (၃၃၂)ခု**
(၃)	**စက်ရုံသုံး/လုပ်ငန်းသုံး Pump များ (၃)မျိုး**	**ပေါင်း(၃)စုံ**
(၄)	**ရေအားလျှပ်စစ်စက်ရုံအတွက် Bearing (၅)မျိုး**	**ပေါင်း(၈)စုံ**
(၅)	**ရေအားလျှပ်စစ်စက်ရုံသုံး Generator Air Cooler(၆)မျိုး**	**ပေါင်း(၃၁)လုံး**
(၆)	**Boiler Water Feed Pump**	**ပေါင်း(၂)လုံး**
(၇)	**2V 600 Ah AGM Batteries**	**ပေါင်း(၁၀၄)လုံး**

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၂ခုနှစ် ဇူလိုင် ၁၇ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် (၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈နှင့် ၄၁၁၀၇၆

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှု ဦးစီးဌာနတွင်အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	(၁) Desktop Computer With UPS	၇လုံး
	(၂) Fax	၁လုံး
	(၃) 1-Pad 2	၁လုံး
	(၄) Air Conditioner(1.5)HP	၂လုံး

၂။ အိတ်ဖွင့်တင်ဒါများကို ၉-၇-၂၀၁၂ရက် (တနင်္လာနေ့) ညနေ ၁၆း၃၀နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂-၇-၂၀၁၂ရက်မှစ၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန၊စီမံရေးရာဌာနခွဲ(နေပြည်တော်ရုံးအမှတ်-၃၆)တွင် ရုံးချိန်အတွင်းစုံစမ်းတင်သွင်းနိုင်ပါသည်။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်စိုးနိုင် ၁၂/ဥကတ(နိုင်)၁၆၅၇၁၉ သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိဆန္ဒအလျောက်ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။၎င်းနှင့်ပတ်သက်သော ကိစ္စအားလုံးကို လုံးဝတာဝန်မယူပါ။

ဖခင်-ဦးမြင့်စိုး ၁၀/မလမ(နိုင်)၁၂၂၇၆၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေခံယာဉ်မောင်းသင်တန်းကို ၁၁-၇-၂၀၁၂ ရက်နှင့်(စနေ/တနင်္ဂနွေ)အထူးသင်တန်းကို ၈-၇-၂၀၁၂ ရက်တွင်ဖွင့်ပါမည်။ ၂၅-၆-၂၀၁၂ ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။ **သ**လိုင်စင်နှင့် **ခ** လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။ သင်တန်းသားဦးရေ ကန့်သတ်ထားသည်။

အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို ၂-၇-၂၀၁၂ ရက်တွင်ဖွင့်လှစ်ပါမည်။ **ဆက်သွယ်ရန်ဖုန်း-၆၆၀၈၅၁**

THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF ENERGY
MYANMA OIL AND GAS ENTERPRISE
NO.44, COMPLEX, NAY PYI TAW
MYANMAR

Fax : 067-411125/411178

INVITATION FOR BIDS

1. BIDS are invited by the MYANMA OIL AND GAS ENTERPRISE, No.44, COMPLEX, NAY PYI TAW, MYANMAR for the supply of

IFB NO.I(T) MCY-MOGE / EXP (2012-2013) CAP

Natural Gas Pipe Line Booster Compressor Unit - (2)NAP

2. Bidding documents shall be available commencing from 4th July, 2012 up to 24th July, 2012 at the Finance Department, Myanma Oil and Gas Enterprise, No.44, Complex, Nay Pyi Taw, Myanmar during office hour by payment to the order of Myanma Foreign Trade Bank attesting remittance of US$ 100(US Dollars: One Hundred Only) in favour of Myanma Oil and Gas Enterprise (or) FEC 100 (FEC : One Hundred Only) to the above office for each set of document.

3. Bids shall be accepted only from the bidders who officially purchased the bidding document and for each entry quotation is needed to refer each set of original bidding document.

4. The quotation must be addressed to the Managing Director and to be delivered into the TENDER BOX located at the above address not later than 13:00 hours on 31st July, 2012.

Managing Director
Myanma Oil and Gas Enterprise

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၏ System Improvement လုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၇-၂၀၁၂ ရက်
တင်ဒါပိတ်မည့်ရက် - ၁၂-၇-၂၀၁၂ ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းတည့် ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
ပစ္စည်းထောက်ပံ့ရေးဌာန
အမှတ် (၁၉၇၊ ၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၂၀၈၁၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ တည်ဆောက်မည့် ကျော၊ ဂန့်ဂေါ၊ ဟားခါး ၆၆ကေဗွီ ဓာတ်အားခွဲရုံများအတွက် ဓာတ်အားခွဲရုံပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၃-၇-၂၀၁၂ရက်
တင်ဒါပိတ်မည့်ရက် - ၃-၈-၂၀၁၂ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင်လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

2-7 (15).pmd 1 7/2/2012, 5:24 AM

[illegible]

[illegible]

ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၁၊ မြေကွက်အမှတ် ၆၀၉၊ မြေကွက်တည်နေရာအမှတ် ၆၀၉၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဗိုလ်မှူးဇော်ဝင်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ရဲမှူးချုပ်ဇော်ဝင်း ၁၃/မပန(နိုင်)၀၀၁၉၂၃က မြေချပါမစ်ပျောက်ဆုံးကြောင်း၊ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ဝန်ခံကတိပုံစံများတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၆၉/က၊ မြေကွက်တည်နေရာအမှတ် ၆၉/က၊(၉)ရပ်ကွက်၊ ရွှင်းသာလမ်း၊ သာကေတမြို့နယ်ဒေါ်တင်တင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်တင်တင်ကိုယ်စား (၃-၁-၂၀၁၁)ရက်တွင် S.P ရရှိသူ ဦးကိုညွန့် ၁၂/ဗတထ(နိုင်) ၀၀၄၇၅၇က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၁၅၅၊ မြေကွက်တည်နေရာအမှတ် ၁၅၅၊ မြို့သစ် ၄လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဒေါ်တင်မြ၊ဒေါ်အေးအေးသန်းအမည်ပေါက်နှစ်၆၀ဂရန်မြေအား ဒေါ်တင်မြ ၉/မထလ(နိုင်) ၁၃၁၃၄၆၊ ဒေါ်အေးအေးသန်း ၁၂/မရက(နိုင်)၀၁၆၉၈၄တို့က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်များ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ဥက္ကလာပစေတီတော်

သံသုမာလမ်းနှင့် သစ္စာလမ်းထောင့်၊ တောင်ဥက္ကလာပမြို့နယ်

ဥက္ကလာပစေတီတော်နှင့် အရန်စေတီ ရှစ်ဆူတို့အား (တတိယ) အကြိမ် လုံးတော်ပြည့် ရွှေသက်န်းကပ်လှူနေရာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ပါသည်။ ရာနှုန်းပြည့်ပြီးစီးအောင်မြင်ရေးအတွက် ရဟန်းရှင်လူ ပြည်သူများ သဒ္ဓါစွမ်းအားရှိသမျှ ကြွရောက်လှူဒါန်း ပူဇော်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။ **ဂေါပကအဖွဲ့**

ဖုန်း-၀၁-၅၆၀၆၄၀၊ ၀၉-၄၅၀၀၃၄၂၁၃

ရန်ကုန်-တောင်ကြီးအသင်း ဖိတ်ကြားလွှာ

၂၀၁၂-၂၀၁၃နှင့် ၂၀၁၃-၂၀၁၄ပြည့်နှစ်အတွက် အသင်း၏ အလုပ်အမှုဆောင်အဖွဲ့ပြန်လည်ဖွဲ့စည်းခြင်း၊ အသက် (၇၅)နှစ်နှင့်အထက် သက်ကြီးများအား ပူဇော်ကန်တော့ခြင်း၊ ၂၀၁၁-၂၀၁၂ပညာသင်နှစ်၌ ပညာရည်ချွန်ဆုရရှိသော အသင်းဝင်များ၏ ရင်သွေးများကို ဂုဏ်ပြုခြင်း အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်မိသားစုတိုင်း မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် -၅-၈-၂၀၁၂ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် -နံနက် ၉း၃၀နာရီ
ကျင်းပမည့်နေရာ -ကမ္ဘောဇသာသနာ့ဗိမာန် ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။

အသက် (၇၅)နှစ်နှင့်အထက် အဘိုးအဘွားများနှင့် ၂၀၁၁-၂၀၁၂ပညာသင်နှစ်တွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများအမည်စာရင်းကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးသွင်းကြပါရန်။

ဖုန်း-၀၉-၈၆၃၅၃၅၇၊ ၀၉-၇၃၀၃၉၄၈၇၊ ၀၁-၃၈၁၄၃၉၊ ၀၁-၅၈၀၁၄၇

လေးစားစွာဖြင့် အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၄၀၃၊ မြေကွက်တည်နေရာအမှတ် ၄၀၃၊ အနော်မာ ၁၀လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးဘဝင်း-ဒေါ်စိန်ရီအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးဘဝင်း-ဒေါ်စိန်ရီကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်မြိုင် ၁၂/မလမ(နိုင်)၁၁၁၁၃၅၊ ဦးသာဝင်းစိန် ၁၂/သကတ(နိုင်)၁၄၁၃၀၃၊ ဒေါ်အေးအေးမူ ၁၂/သကတ(နိုင်)၁၄၅၆၀၈၊ ဒေါ်တင်တင်လှိုင် ၁၂/သကတ(နိုင်)၁၅၉၀၀၇တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်မှန်

ဦးရဲမင့်၏သမီး ကျိုင်းတုံမြို့၊ အထက(၂)၊ သတ္တမတန်းမှ မအေးရင်၏အမည်မှန်မှာ နန်းအေးရင် ဖြစ်ပါကြောင်း။

နန်းအေးရင်

အမည်ဖြည့်စွက်ခေါ်ပါရန်

ကျိုင်းတုံမြို့၊ရပ်ကွက်(၄)၊ ပါမာန်ပေါက်တိုက်ရပ်နေ ဦးအားချူ၏သမီး မချိုချိုထွေးအားမချိုချိုထွေး(ခ)မအားဖီး ၁၃/ကတန(နိုင်)၁၃၅၆၅၃ ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သောအိမ်ရာများနှင့် ဌာနမှယာယီမြေရှင်အဖြစ် ဆောင်ရွက်ခဲ့သောတိုက်ခန်းအား မူလနေထိုင်သူ ကန်ထရိုက်တာထံမှတစ်ဆင့် ဝယ်ယူထားသူများက အဆောက်အအုံ နေထိုင်ခွင့်စာချုပ်တွင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်ပန်းပန်းလှ ၁၂/ဆကခ(နိုင်)၀၁၀၄၃၆(မှ)	ဒေါ်ခင်ခင်ဝင်း ၁၂/ကမတ(နိုင်)၀၅၂၄၉၆	တိုက်(၅)၊အခန်း(၄၆)၊ ပြည်ရိပ်မွန်အိမ်ရာ၊ကမာရွတ်။
၂။	ဦးမိုးဇင် PRE-၁၃၉၀၂၆(မှ) ဦးသိန်းမြင့် ၁၂/ကတတ(နိုင်)၀၀၁၀ဂ၃(မှ)	ဦးဝင်းလှိုင် ၁၂/ပဘတ(နိုင်)၀၁၆၉၆၇	တိုက်(၃၂၁/၃၂၃)၊အခန်း ၁၁၊ ၂၅လမ်းနှင့်အနော်ရထာလမ်းထောင့်၊ ပန်းဘဲတန်း။
၃။	ဦးခင်မောင်လတ် YMN-၁၉၉၁၁၀(မှ)	ဦးမြင့်ငွေ ၁၂/တမန(နိုင်)၀၉၅၀၁ဂ	တိုက်(၃၂၁/၃၂၃)၊အခန်း၁၇၊ ၂၅လမ်းနှင့်အနော်ရထာလမ်းထောင့်၊ ပန်းဘဲတန်း။
၄။	ဒေါ်ခင်မအေး AA-၁၀၁၂၂၇(မှ) ဒေါ်ခင်မာစန်း ၁၂/ကမတ(နိုင်)၀၂၄၃၄၀(မှ)	ဒေါ်တင်တင်ဝင်း ၁၂/စခန(နိုင်)၀၂ဂ၉၇၅	တိုက် ၁၀၊အခန်း၂၆၊ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်။
၅။	ဒေါ်မမကြီး ၁၂/ကမရ(နိုင်)၀၄၁၅၆ဂ(မှ)	ဒေါ်တင်ဇာနည်နေဝင်း ၁၂/ဗဟန(နိုင်)၀၇၅ဂ၅၃	တိုက် ၁ဂ၊ အခန်း ၂၀၊ ပြည်ရိပ်မွန်အိမ်ရာ၊ကမာရွတ်။
၆။	ကန်ထရိုက်တာဒေါ်သန်းသန်းဝင်း TRY-၀၁၂၅၂၄(မှ) ဒေါ်သင်းသင်းရီ ၁၂/မဂတ(နိုင်)၀၄၆၅၉ဂ(မှ)	ဦးဗိုလ်ဟိန်း ၁၂/အစန(နိုင်)၁၇၀၅၉၂	အမှတ်(၃၂၃)၊လေးလွှာ၊ အနော်ရထာလမ်း၊ပန်းဘဲတန်း
၇။	ဒေါ်တင်စိန်(ကွယ်လွန်) ၁၂/ကမတ(နိုင်)၀၁၃၂၉၂(မှ) ဦးအောင်ကျော်မင်း ၁၂/ကမတ(နိုင်)၀၀၂၄၂၉(မှ)	ဦးဝင်းနိုင်ဦး ဂ/နမန(နိုင်)၁၀ဂ၆၂၂	တိုက်၅၊အခန်း၅၃၊ပန်းလှိုင်အိမ်ရာ၊ကြည့်မြင်တိုင်။

ဌာနမှူး၊အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ဦးဇော်လွင် ၆/ထဝန(နိုင်)၀၂၉၅၁၉ မန်နေဂျင်းဒါရိုက်တာ ထားဝယ်ကုမ္ပဏီလီမိတက်၊ အမှတ် ၄၃၂၊ တရုတ်တန်းလမ်း၊ တလိုင်းထိန်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီးသိစေရန်

ကြေညာချက်

ကျွန်ုပ်၏အမှုသည် ဒေါ်ချယ်ရီမေ ၁၂/ဒဂန(နိုင်)၀၀၃၉၆၈ အမှတ် ၁၉/၂၈၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

လူကြီးမင်းဦးဇော်လွင်သည် လူကြီးမင်း၏ကုမ္ပဏီက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်မြို့နယ်နှင့် တနင်္သာရီမြို့နယ် စသည့်မြို့နယ်များတွင် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများ၌ ကျခံသုံးစွဲရန် ငွေလိုအပ်လျက်ရှိသည့်အတွက် တတ်နိုင်သလောက် ကူညီတောင်းဆိုပေးပါရန် တောင်းခံခဲ့သည့်အပေါ် ကျွန်ုပ်၏အမှုသည်က မိတ်ဆွေကောင်းပီသစွာ ယုံကြည်စွာဖြင့် အကူအညီပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုခဲ့ပြီး ငွေလွှဲခအပါအဝင် ငွေကျပ် ၇၀၂၃၁၉၀၀ိ/ (ငွေကျပ် ခုနစ်ရာ့နှစ်သိန်းသုံးသောင်းတစ်ထောင့်ကိုးရာတိတိ)ကို လူကြီးမင်းကိုယ်တိုင်နှင့်လူကြီးမင်းက ညွှန်ပြသူများထံသက်ဆိုင်ရာဘဏ်အသီးသီးမှ ငွေလွှဲဖြင့်ပေးပို့ခဲ့ရာ လူကြီးမင်းအနေဖြင့် အပြည့်အဝလက်ခံရပြီးဖြစ်ပါသည်။ ယင်းငွေလွှဲလက်မှတ်အပြည့်အစုံမှာ ကျွန်ုပ်၏အမှုသည်ထံတွင် အပြည့်အစုံရှိကြောင်းလည်း သိစေအပ်ပါသည်။

သို့သော် ကျွန်ုပ်၏အမှုသည်က ယုံကြည်စွာပေးပို့ခဲ့သည့် အထက်ဖော်ပြပါငွေများကို အပြည့်အဝလက်ခံပြီးဖြစ်ပါလျက်နှင့် လူကြီးမင်းသည်မိတ်ဆွေကောင်းပီသစွာ ပြန်လည်ပေးအပ်ခြင်းမပြုသည်ကို ဝမ်းနည်းဖွယ်ကြုံတွေ့ရပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းသည် ကျွန်ုပ်၏အမှုသည်က ယုံကြည်စွာဖြင့်ပေးအပ်ခဲ့သည့် အထက်ဖော်ပြပါ ငွေကျပ်၇၀၂၃၁၉၀၀ိ/(ငွေကျပ် ခုနစ်ရာ့နှစ်သိန်းသုံးသောင်းတစ်ထောင့်ကိုးရာတိတိ)နှင့် နစ်နာကြေးနှင့် ကိုယ်စိတ်နှစ်ပါး ထိခိုက်နစ်နာမှုအတွက် လျော်ကြေးငွေကျပ် ၃၀၀၀၀၀၀ိ/(ငွေကျပ်သိန်းသုံးရာတိတိ) စုစုပေါင်း ငွေကျပ် ၁၀၀၂၃၁၉၀၀ိ/ (ငွေကျပ်သိန်းတစ်ထောင့်နှစ်သိန်းသုံးသောင်းတစ်ထောင့်ကိုးရာတိတိ)ကို ဤကြေညာချက်ပါရှိပြီး ၁၅ရက်အတွင်း ကျွန်ုပ်၏အမှုသည်ထံ တစ်လုံးတစ်ခဲတည်းသွားရောက်ပေးအပ်ရန် အလေးအနက် တောင်းဆိုလိုက်ပါသည်။

အကယ်၍ လူကြီးမင်းသည် ဤကြေညာချက်ပါ တောင်းဆိုချက်များကို လိုက်နာဆောင်ရွက်ခြင်း မပြုပါက တည်ဆဲဥပဒေများအရ မလွှဲမရှောင်သာ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ယင်းသို့ တရားစွဲခံရပါက တရားစရိတ်အဝဝကို လူကြီးမင်းကပင်ကျခံရမည် ဖြစ်ကြောင်းလည်း သိစေအပ်ပါသည်။

လွှဲအပ်သူ
ဒေါ်ချယ်ရီမေ ၁၂/ဒဂန(နိုင်)၀၀၃၉၆၈

လွှဲအပ်ချက်အရ-
ဦးအောင်သန်းစိုး B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၃)
အမှတ် ၁၂၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ဖုန်း-၀၁-၂၉၂၂၆၄၊ ၀၉-၅၁၇၁၀၃၁

လေလံတင်ဒါကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ သမဝါယမအသင်းစုလီမိတက်မှ ဗ-၆၃၈၄ မော်တော်ယာဉ်ကို ၇-၇-၂၀၁၂ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်သမဝါယမအသင်းစုရုံးတွင် မျက်မြင်အခြေအနေအတိုင်း လေလံတင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကို သိလိုပါက မြို့နယ်သမဦးစီးဌာန၊ မြို့နယ်သမဝါယမအသင်းစုရုံး၊ အုတ်တွင်းမြို့တို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

လေလံရောင်းချရေးအဖွဲ့
ဖုန်း-၀၅၄-၄၆၂၃၃၊ ၄၆၀၂၅



နှစ်နှစ်ပြည့် မွေးနေ့ဆုတောင်း

ချစ်သားလေး မောင်မင်းသုဝဏ်၏ ဇူလိုင် ၂ရက်တွင် ကျရောက်သော နှစ်နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ အမျိုး၊ ဘာသာ၊ သာသနာ အကျိုးကို ထမ်းဆောင်နိုင်သော သားကောင်းရတနာ ဖြစ်ပါစေ-

ချစ်ဖေဖေ - ဦးစိုးနောင်ဦး
ချစ်မေမေ - ဒေါ်နီနီဝင်းမောင်
ချစ်မမ - မအေးစင်စင်သန့် [ဒုတိယတန်း(က)၊ အထက(၄)၊ တောင်ကြီးမြို့]
ချစ်သောဘိုးဘိုး၊ ဘွားဘွား-
ဦးသောင်းရွှေ-ဒေါ်ခင်မြင့်
ဦးဝင်းမောင်-ဒေါ်တင်တင်ရွှေ

အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၄)၊ အဋ္ဌမတန်း(G)မှ မသဲစုဟန်နီနေဝင်းအား ယနေ့မှစ၍ မဟန်သူသူဝင်းဟု ပြောင်းလဲခေါ်ပါရန်။

မဟန်သူသူဝင်း

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ တွဲအထက အောင်သပြေ၊တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဆုဖြစ်ပါကြောင်း။

ဦးမောင်ဆု

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရွှေညောင်မြို့၊ ၁၃/၆၅၊ နီလာလမ်း၊ သုခချမ်းသာ(၁)ရပ်ကွက်နေ ဦးမင်းဒင်-ဒေါ်ခင်တင့်တို့၏သား ညီညီမင်း ၁၃/ကလတ(နိုင်)၀၀၀၁၄၈အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းသိစေအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း။

မိခင်-ဒေါ်ခင်တင့်

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊တိုက် ၂၊ အခန်း၂၀၂၏မူလအမည်ပေါက် ဦးဇော်မင်းမောင်၊ ဒေါ်ခင်သွယ်သွယ်ဦးထံမှ ဒေါ်ပိုနွဲ ၆/ထဝန(နိုင်)၀၀၅၇၀၃ ကအပြီးအပိုင်ဝယ်ယူပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တိုက်ခန်းအမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထားတင်ပြလျက် ၁၄ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

၂၉-၆-၂၀၁၂ရက်တွင် ထုတ်လွှင့်ပြသခဲ့သော **ရသစုံလင်အင်တာနက်ဥယျာဉ်** အပိုင်း(၁၂၁) ဉာဏ်စမ်းမေးခွန်းအဖြေမှန်မှာ- **အသက်ရှင်လျက်ရှိနေခြင်းအားဖြင့် သိနိုင်သည်**

အဖြေမှန်သူများစာရင်း - ၁။ချိုချိုထွန်း ၁၄/မမက(နိုင်)၀၁၀၁၈၀၊ ၂။ဒေါ်စန်းမြင့် ၁၂/သဃက(နိုင်)၀၂၀၃၃၆၊ ၃။ကျော်စိုးမျိုး ၁၂/ဥကတ(နိုင်)၁၂၇၄၈၅၊ ၄။ကေသီဦး ၁၀/ပမန(နိုင်)၀၀၀၈၄၃၊ ၅။အေးအေးပြုံး ၁၂/ဥကတ(နိုင်)၀၈၉၇၂၁၊ ၆။ရဲသီဟကျော် ၉/မထလ(နိုင်)၂၁၇၈၈၂၊ ၇။မအုန်းရွှေ ၁၂/မဂတ(နိုင်)၀၂၁၀၀၅၊ ၈။ဦးလှသွင် CA-၀၅၄၀၂၉၊ ၉။ဦးတင်လှိုင် ၁၄/ဝခမ(နိုင်)၀၂၂၉၂၆၊ ၁၀။ကျော်ဇေယျာမင်း ၁၄/ပသန(နိုင်)၁၅၂၉၉၅၊ ၁၁။မြင့်မြင့်စန်း ၁၂/DBN-၀၀၆၀၃၉၊ ၁၂။ယဉ်မင်းထွန်း ၅/မရန(နိုင်)၁၉၄၈၃၂၊ ၁၃။ပိုင်အိန္ဒြေဦး (လျှောက်ထားဆဲ)၊ ၁၄။စိုးစိုးဦး ၁၂/လမန(နိုင်) ၁၅၀၈၂၆၊ ၁၅။ဒေါ်သန်းနွဲ့ ISM-၀၆၇၉၃၂၊ ၁၆။ဦးလှမျိုး S/OKA-၀၇၇၇၁၀၊ ၁၇။မသဇင်ခိုင် ၁၂/လမန(နိုင်)၁၄၄၉၈၄၊ ၁၈။ဒေါ်အေးမာစိုး ၁၂/ပဘတ(နိုင်) ၀၀၇၆၆၂၊ ၁၉။ဇာခြည်စိမ့်စိမ့်ဝင်း ၁၄/ရကန(နိုင်)၀၀၂၇၆၄၊၂၀။ဦးကျော်ညွန့် ၁၂/လမန(နိုင်)၀၄၅၆၄၃၊ ၂၁။ဦးကြည်သိန်း ၁၂/ရကန(နိုင်)၀၆၅၈၁၉၊ ၂၂။မအေးအေးခိုင် ၁၂/ပဘတ(နိုင်)၀၃၀၂၆၈၊ ၂၃။ထက်စုခိုင် (လျှောက်ထားဆဲ)၊ ၂၄။သူရိန်ရဲမြင့် ၁၂/သဃက(နိုင်)၁၃၇၂၀၁။

အဖြေမှန်သူများအားဆုငွေကိုခွဲဝေပေးမည်ဖြစ်သောကြောင့် ၂-၇-၂၀၁၂ရက်မှ ၉-၇-၂၀၁၂ရက်အတွင်းနောက်ဆုံးထားပြီး အမှတ်၅၂၊ ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် မှတ်ပုံတင်နှင့်တကွ လာရောက်ထုတ်ယူပါရန်နှင့် ၎င်းရက်ကျော်လွန်ပါက ဆုငွေထုတ်ပေးမည်မဟုတ်ပါ။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာစီမံကိန်းရှိ အိမ်ငှားများအား မြေကွက်များချထားပေးခဲ့ရာတွင် အိမ်ငှားဦးသိန်းဇော် ၁၂/အစန(နိုင်)၀၅၅၆၁၁ အား လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၅)၊ မြေကွက်အမှတ် (၉၆/က)ကို ချထားပေးခဲ့ပါသည်။ အဆိုပါမြေကွက်၏ မြေချပါမစ်မူရင်းကို လှိုင်မြို့နယ်၊ အမှတ် (၅)ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကိုယ်စားလှယ်မှ လာရောက်ထုတ်ယူသွားခဲ့ပြီး သက်ဆိုင်ရာကာယကံရှင်အား ထုတ်ပေးရန်ဖြစ်သော်လည်း ဦးသိန်းဇော်က မြေချပါမစ်မရရှိသေးကြောင်း တင်ပြ၍ မြေချပါမစ်လျှောက်ထားလာပြီး ပါမစ်မူရင်းထုတ်ပေးခဲ့မှုရှိ/မရှိ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများမှလည်း အတည်ပြုနိုင်ခြင်းမရှိပါ။

ဦးသိန်းဇော်အား မြေချပါမစ်ထုတ်ပေးရေးကိစ္စကို ဤဦးစီးဌာနမှတ်တမ်းများအရ မှန်ကန်ပါက မြေချပါမစ်ထုတ်ပေးပါရန် လှိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ အကြောင်းကြားလာပါသဖြင့် မူလထုတ်ပေးခဲ့သည့် မြေချပါမစ်မူရင်းအား ပယ်ဖျက်၍ ဦးသိန်းဇော် ၁၂/အစန(နိုင်)၀၅၅၆၁၁သို့ မြေချပါမစ်ထုတ်ပေးမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း၊ အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

မဇော်ဇော်လှိုင်(ခ)မမေဟောင်းနှင့် အများသိစေရန်ကြေညာချက်

အမှုသည်ဖြစ်သူ ဒေါ်ကျူရှင်း (ဘ-ဦးရောင်စီဖိန်း) အမ်ကေအေ-၀၁၄၄၄ မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ အိမ်အမှတ် ၁၄၃ နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ မဇော်ဇော်လှိုင်(ခ)မမေဟောင်း အသက်(၂၈)နှစ် (ဘ-ဦးဟာမစ်) ၁/မကန(နိုင်)၁၂၆၂၈၉ သည် ဒေါ်ကျူရှင်း၏တူမဖြစ်ပြီး ၁၉-၅-၂၀၁၂ရက်က ဒေါ်ကျူရှင်းနှင့် ၎င်းအတူနေထိုင်သော အထက်ဖော်ပြပါလိပ်စာနေအိမ်မှ ထွက်ပြေးပျောက်ဆုံးသွားခဲ့ပါသည်။ ၎င်းနှင့်အတူ ဒေါ်ကျူရှင်းပိုင် ရွှေ(၁၇)ကျပ်သားခန့်နှင့် ငွေသား ၂၆ သိန်း ခိုးယူသွားခဲ့ကြောင်း သိရှိရပါသည်။ (၎င်း၏ယခုထင်ရှားသောအမှတ်အသားများမှာ ကတုံးဆံပင်ပေါက်၊ လည်ပင်းကြီးဖြစ်ပါသည်။)

မဇော်ဇော်လှိုင်(ခ)မမေဟောင်းအနေဖြင့် ရောက်ရာအရပ်မှ အမြန်ဆုံးပြန်လာပြီး ယူဆောင်သွားသည့်ပစ္စည်းများအားလုံးကို ၁၀-၇-၂၀၁၂ရက် နောက်ဆုံးထားအပ်နှံရန်ဖြစ်ပါသည်။ ပျက်ကွက်ခဲ့ပါက မဇော်ဇော်လှိုင်(ခ)မမေဟောင်းအားလည်းကောင်း၊ လက်ခံထားသူများအားလည်းကောင်း တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေအပ်ပါသည်။ မဇော်ဇော်လှိုင်(ခ)မမေဟောင်းအားတွေ့ရှိပါက အောက်ပါလိပ်စာနှင့် ဖုန်းများသို့ ဆက်သွယ်ပေးပါရန်နှင့် သတင်းပေးသူများအား ကျေးဇူးဆပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၄၀၀၀၂၃၇၇၅၊ ၀၉-၄၇၀၃၆၅၀၄၊ ၀၉-၄၀၀၀၃၈၁၄၆၊ ၀၉-၄၀၀၀၃၉၂၄၉

ဒေါ်ကျူရှင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နွယ်နွယ်ထွန်း
B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၈၁၃)

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃၊ မြေကွက်အမှတ် ၁၁၊ မြေကွက်တည်နေရာအမှတ် ၁၁၊ ပင်လုံလမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးသိန်းတင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးသိန်းတင်ကွယ်လွန်သဖြင့် ဒေါ်သိန်းတင့် ၁၂/ဒလန(နိုင်)၀၀၉၂၄၈ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၃)၊ မြေကွက်အမှတ် ၂၀၄ အမည်ပေါက်ဦးအေးလွင်၏မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဦးကြည်ထွေး ၁၂/ကတန(နိုင်)၀၇၇၁၁၂က မြေကွက်စလစ်မူရင်း တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး၊ မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သာယာဝတီမင်းကြီးလမ်း၊ ၆၀×၆၁ လမ်းကြား၊ အမှတ် သ-၁၃/၈၀(က)တွင်နေထိုင်သူ ဦးချစ်၏သမီး ဒေါ်သက်သက်ဝေ ၁၃/လလန(နိုင်)၀၀၅၁၈၈၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

